မြန်မာ့အလင်း

၁၂၅၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်း မင်္ဂလကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစုစေတီ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နင်းတော်ကပ်နှင့် အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို

နေပြည်တော် မေ ၅

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်း မင်္ဂလကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်၏ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နင်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၁၀မိနစ်တွင် အဆိုပါစေတီတော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီကနိကာယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စေတီတော်တည်ဆောက်ရေးကော်မတီမှ ဗိသုကာပညာရှင်ဒေါက်တာလှသန်း၊ ကော်မတီတွဲဖက် အတွင်းရေးမှူး အင်ဂျင်နီယာ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ ဥပါသကာများနှင့် ဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ စေတီတော်အထွတ်တွင် ပင့်ဆောင်ထားသည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တပ်ဆင်လှူဒါန်း ပူဇော်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးနှင့် အားကစားအညွှန်း

ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်လာသော ပေါင်မြို့နယ်မှ ဂရင်းနိုက် အိမ်အလှဆင်ကျောက်များ

သင်ပုန်းကျောက်တူး လုပ်ငန်းခွင်အား ဤသို့ တွေ့ရသည်။

နုနုရီ နှင့် တင်တင်ဝင်းတို့၏ သတင်းမြင်ကွင်း (စာ - ၇)

မန်ယူအတွက် စီရိုနယ်ဒို အနိုင်ဂိုးသွင်းပြီး ကစားဖော်များနှင့် ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

မန်ယူတို့ မန်စီးတီးကို နိုင် ဖလားနှင့် လက်တစ်ကမ်းအလိုရောက်

မြင့်စိုး၏ သတင်းမြင်ကွင်း (စာ - ၉)

သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ် သဘာဝအသီးအနှံများ တိုးချဲ့စိုက်ပျိုး ပိုးသတ်ဆေးအသုံးပြုမှုများ လျှော့ချ

ပထမ ဆုရ ဖရဲသီး

မြင့်မောင်စိုး၏ သတင်းဆောင်းပါး (စာ - ၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၆ ရက်)

မိုးဦးလေဦးကာလ ကျရောက်တတ်သည့် အန္တရာယ်များ ကြိုတင်ကာကွယ်လုပ်ဆောင်

ယခုအခါ မိုးဦးလေဦးကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ယခုကာလတွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လေပြင်းမုန်တိုင်းများ တိုက်ခတ်လေ့ရှိသည်။ သစ်ပင်များ ပြိုလဲခြင်း၊ အဆောက်အအုံ အဟောင်းများ ပြိုကျခြင်း၊ လျှပ်စစ်မီးကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်တတ်၍ ကြိုတင်ကာကွယ် သတိပြုလုပ်ဆောင်ကြရန် လိုပေသည်။

ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်း မိုးစတင်ရွာသွန်းလျက်ရှိပြီး အချို့သောဒေသများ၌ မိုးသည်း ထန်စွာ ရွာသွန်းလျက်ရှိသည်။ ယင်းကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထူးကဲဒီရေတက်ခြင်း၊ မြစ်ချောင်းများ၌ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နိုင်သည်။

အထူးသဖြင့် မိုးရာသီတွင် ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးဌာနများ၊ ပင်လယ်ပြင်ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော မိုးလေဝသသတင်းများ၊ သတိပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာရမည်ဖြစ်သည်။

အလားတူ ကမ်းရိုးတန်းဒေသများ၊ မြစ်၊ ချောင်း ကမ်းနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ဒီရေတက်မှု၊ မြစ်ရေကြီးမှုနှင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့်သတင်းစာတို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှု၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ထားသင့်ကြသည်။

ရေယာဉ်များအနေဖြင့် မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးအတွက် ရေယာဉ်များနှင့် စက်ကိရိယာများ ကြံ့ခိုင်ရေး၊ အချက်ပြမီး၊ အချက်ပေးကိရိယာပါရှိရေး ကြိုတင်စီမံထားကြရမည် ဖြစ်သည်။

ထို့အပြင် ခရီးသည်နှင့်ကုန်စည်များကို တင်ဆောင်ရာ၌လည်း ရေယာဉ်အခြေအနေ၊ ခရီးသည် ဦးရေနှင့် တင်ဆောင်နိုင်သည့် ကုန်တန်ချိန်ပမာဏတို့ကို မျှတစွာ တင်ဆောင်နိုင်ရေး သတိပြုကြရန် လိုအပ်ပေသည်။

ထိုသို့ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးချက်များကို အစဉ်သတိထား လိုက်နာပြီး သဘာဝ ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါကလည်း ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများက အသိစိတ်ဓာတ် ရှိရှိ ပူးပေါင်းလက်တွဲ ပါဝင်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ဂန္ဓမာလမ်း အမှတ် ၄၀နေ ဦးကျော်သန့် - ဒေါ်စိန်စိန်၊ သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော် ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးဦးလေဦးကာလ ရေယာဉ်၊ တွဲယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန မိုးဦးလေဦးကာလ ရေယာဉ်၊ တွဲယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လေ့ကျင့်ခြင်းနှင့် ရေယာဉ်၊ တွဲယာဉ်များ ပြန်လည်ဆယ်ယူရေး သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြစ် ရေလယ်အမှတ်(၁၃) ဖော်ယာရှိ ဗလကျော်သူ ရေယာဉ်ပေါ်၌ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထွေထွေမန်နေဂျာက မိုးဦးလေဦးကာလ ရေယာဉ်၊ တွဲယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လေ့ကျင့်ခြင်းနှင့် ရေယာဉ်၊ တွဲယာဉ်များ ပြန်လည်ဆယ်ယူရေး သရုပ်ပြပွဲ ဇာတ်တိုက် လေ့ကျင့်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် မိုးကောင်းရေယာဉ်နှင့် ဆခ-၁၃ ရေယာဉ်များ ဖော်ယာမှ ကြိုးပြတ်မျောသွားပြီး ဝန်ထမ်းများက အချက်ပေးစနစ်ဖြင့် အချက်ပေးကြရာ အနီးအနား ဖော်ယာမှ အခြားသော ရေယာဉ်တစ်စင်းဖြင့် သွားရောက် ဆယ်ယူနေမှု သရုပ်ပြပွဲကို ပြုလုပ်ရာ တက်ရောက်လာကြသော ဌာနအကြီးအကဲများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

လက်ခံယူ

နှစ်ဖက်မိဘများ ဖြစ်ကြသော ဦးအဖူး-ဒေါ်ဖြူအု(သန်လျင်)နှင့် ဦးချစ်တီး-ဒေါ်မြင့်(ရေကြည်)တို့အား ရည်စူး၍ အမှတ် ၁၀၇/၁ ဗိုလ်ချုပ်နေဝင်းလမ်း မြို့ဟောင်း အလယ်ရပ်ကွက် သန်လျင်မြို့နေ ဦးတင်စိန် ဇနီး(ဒေါ်သန်းရင်)၊သမီး မစန်းရီ၊ မခင်သန်းဝင်း မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေး ပဒေသာပင် အလှူငွေကျပ်ကိုးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	တုံ့လှည့်မေတ္တာတရားတော် ဘဒ္ဒန္တ ပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(နှင်းသီး)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကက်ကင်း)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	နိုင်ငံတကာ အနုပညာရေးရာ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅	ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာ ရောဂါအကြောင်း မေးမြန်းခန်း) (ဒေါက်တာချစ်စိုး)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	စီးပွားဖြစ် သစ်ခွစိုက်ကြရအောင်
၁၁:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅	မိုးလေဝသခန့်မှန်းချက်
၁၁:၅၀	သိစေချင်သည် (ICT - Counter Strike)
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	ဂေါက်ရိုက်ကြရအောင်
၁၂:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅	ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	AC Milan-Fiorentina	5- Series (Live)

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	ပွဲကြိုသုံးသပ်ချက်-၁	5- Sports
၉:၀၀	ပွဲကြိုသုံးသပ်ချက်-၂	5- Sports (Live)
၉:၂၅	Arsenal-Chelsea	5- Sports (Live)

ဓာတုစယဓာတ်ပေါင်းစုစေတီတော်၏ရတနာပိန္နဲတိုင်တော်စိုက်ထူပူဇော်ပွဲနှင့် သာသနာ့တံခွန်တိုင်တော်နှင့်ခေါင်းလောင်းတော်ဖွင့်ပွဲ၊မဟာဗောဓိပင်စိုက်ပျိုးပူဇော်ပွဲကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မဟာဗောဓိပင်အား စိုက်ပျိုးပူဇော်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၅

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်း မင်္ဂလာကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၏ ရတနာပိန္နဲတိုင်တော်စိုက်ထူပူဇော်ပွဲ၊ သာသနာ့တံခွန်တိုင်တော်နှင့် ခေါင်းလောင်းတော်ဖွင့်ပွဲ၊ မဟာဗောဓိပင်စိုက်ပျိုးပူဇော်ပွဲ၊ မုခ်ဦးနှင့် အဘိသန္တဗိမာန်တော်ဖွင့်ပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများနှင့် ဝတ်ရွတ်ပူဇော်ပွဲများကို မေ၁ရက် နှင့် ၃ရက်တို့တွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

တက်ရောက် ကြည်ညို

အဆိုပါ အခမ်းအနားများသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော် သာသနဓဇသီရိပဝရဓမ္မာစရိယ ဒီကနိကာယ ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စေတီတော်တည်ဆောက်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး အင်ဂျင်နီယာ ဦးတင့်ဆန်းနှင့်တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၏ ရတနာပိန္နဲတိုင်တော်စိုက်ထူပူဇော်ပွဲ၊ သာသနာ့တံခွန်တိုင်တော်နှင့် ခေါင်းလောင်းတော်ဖွင့်ပွဲနှင့် ဗောဓိရုက္ခရောပနပူဇာ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပွဲ မင်္ဂလာအခမ်းအနားများကို မေ၃ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ပေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရတနာပိန္နဲတိုင်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ရွှေထီးတော်အောက်ခံ ကြာကလပ်၊ ရွှေထီးတော်ဘုံဆင့်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥပါသကာများက ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၏ ရတနာပိန္နဲတိုင်တော်၊ ရွှေထီးတော်အောက်ခံကြာကလပ်၊ ရွှေထီးတော် ပထမဘုံဆင့်၊ ရွှေထီးတော် ဒုတိယဘုံဆင့်နှင့် ရွှေထီးတော် တတိယဘုံဆင့်တို့ကို အစီအစဉ်အတိုင်း ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ရတနာပိန္နဲတိုင်တော် စိုက်ထူပူဇော်မည့် စေတီတော်ငြမ်းထက်သို့ တက်ရောက်နေရာယူကြပြီး နံနက်၈နာရီ ၁၀မိနစ်တွင် ရတနာပိန္နဲတိုင်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် **"ဇယန္တော ဗောဓိယာ မူလေ"** အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် သာသနာ့တံခွန်တိုင်တော်နှင့် ခေါင်းလောင်းတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူးက သာသန မဟာဓဇေဂ္ဂ ဝိဝရဏပူဇာ ဧကပိုဒ်ရတုလင်္ကာကို ဖတ်ကြားသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က သာသနမဟာဓဇေဂ္ဂ တံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တံခွန်တိုင်တော်အား ပရိတ်နံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်သည်။

ဖွင့်လှစ်ပေး

ထို့နောက် ခေါင်းလောင်းတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မဓုရသဒ္ဒမဟာယဏ္ဍိတ ဝိဝရဏ မင်္ဂလာအဖြစ် ခေါင်းလောင်းတော်အား (၉)ချက်တီးခတ်၍ ဖွင့်လှစ်ပေးပြီး ပရိတ်နံ့သာရည်တို့ဖြင့် ပတ်ဖျန်းပူဇော်သည်။

ယင်းနောက် ဗောဓိရုက္ခရောပနပူဇာမဟာဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို အဆိုပါစေတီတော်၏ အရှေ့မုခ်၌ ဆက်လက်ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မဟာဗောဓိပင်ပျို စိုက်ပျိုးပူဇော်မည့် ပလ္လင်တော်ဌာန၌ ရတနာရွှေ၊ ငွေများ လောင်းထည့်ပူဇော်ပေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မဟာဗောဓိပင်အား စိုက်ပျိုးပူဇော်ပေးပြီး မြေဆီ၊ မြေလွှာ၊ မြေသြဇာများနှင့် ရေစင်ရေသန့်များဖြင့် သွန်းလောင်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် အရိယာသာဝိတ္ထိဆန်းဂါထာတော်ကို ပရိသတ်တို့နှင့်အတူ ရွတ်ဆိုကြကာ မဟာဗောဓိပင်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြသည်။

အမျှဝေစာတမ်းဖတ်

ထို့နောက် ဆရာတော်သံဃာတော်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြားကာ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်၏ မင်္ဂလာမဟာမုခ်ဦးဖွင့်ပွဲနှင့် ဝတ္ထုကံအတွင်းရှိ အဘိသန္တဗိမာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားများကို မေ ၁ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်ဝတ္ထုကံ၌ ကျင်းပသည်။

ဖတ်ကြားပူဇော်

ရှေးဦးစွာမင်္ဂလာ မဟာမုခ်ဦးဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် စေတီတော်မုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားမှူး သာသနာရေးဦးစီး ဌာန ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဓာတုစယ စေတီယ မဟာမုခ ဝိဝရဏပူဇာ ဧကပိုဒ်ရတုလင်္ကာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်၏ မင်္ဂလာမဟာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက မင်္ဂလာမဟာမုခ်ဦးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စေတီတော် ဝတ္ထုကံအတွင်းရှိအဘိသန္တဗိမာန်တော်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ဗိမာန်တော်ဖွင့်

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားပြီး အဘိသန္တ ဗိမာန်တော်ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်၏ အထက်ဥပနာတော်သွင်းနှင့် ရွှေထီးတော်တင်မဟာမင်္ဂလာအကြိုပဋ္ဌာန်းဖွင့်ပွဲမင်္ဂလာအခမ်းအနားကို မေ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ် တွင် ဆရာတော်၊ သံဃာတော် ၁၈ပါးတို့ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး ပဋ္ဌာန်းဒေသနာတော်ကို မေ ၄ ရက်အထိ လေးရက်တိုင်တိုင် အသံမစဲ ရွတ်ဖတ်တော်မူကြကာ နံနက်ပိုင်းတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲကို ကျင်းပခဲ့သည်။

မဟာမင်္ဂလာ အခမ်းအနားများ အကြိုဝတ်ရွတ်ပူဇော်ပွဲ များကို ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီအထိ ဓာတုစယ ဓာတ်ပေါင်းစု စေတီတော် မင်္ဂလကုန်းတော်ပြင်၌ ကျင်းပခဲ့ရာ ဝန်ကြီးဌာနအသီးသီးတို့မှ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များကို အလှည့်ကျရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

* ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရည်၊ ပရိတ်ချည်၊ ပရိတ်သဲနှင့်ပရိတ်ကျောက်များကို ဆရာတော်၊ သံဃာတော်များထံမှယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ပေး ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရတနာစိန်ဖူးတော်စေတီယ၊ စေတီယသမ္ဘာရ၊ စေတီယပရိဝါရ၊စေတီယင်္ဂဏ၊စေတီယပါကာရ၊ စေတီယသမ္ဗဒ္ဓ၊ စေတီယဝတ္ထုကံများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်ကရတနာ ငှက်မြတ်နားတော်၊ အဘိသန္တဗိမာန်တော်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်၊ လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ခက်မငါးဖြာနှင့်ပြည့်စုံသော ရတနာငွေဗောဓိပင်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ဗိသုကာပညာရှင်ဒေါက်တာလှသန်းနှင့်အင်ဂျင်နီယာ ဦးတင့်ဆန်းတို့အား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စေတီတော် တည်ဆောက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အင်ဂျင်နီယာ ဦးတင့်ဆန်းက ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်ကို မူလအရင်းဖြစ်ကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြည်လည်အပ်နှံသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က စေတီတော် တည်ဆောက်ရာတွင် မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန်အတွက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များထံ တောင်းပန်လွှာကို ဖတ်ကြားသည်။

ပင့်ဆောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက စိန်ဖူးတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာ့အောင်လံတော်နှင့်ရွှေကြာသင်္ကန်းတော်ကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က ဆည်းလည်းပဒေသာ ရွှေခေါင်းလောင်းတော်ကိုလည်းကောင်းပင့်ဆောင်ကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများက အရံစိန်ဖူးတော်နှင့် ရွှေထီးတော်များကို ပင့်ဆောင်ကြကာ စေတီတော်ကြီးအား လယ်ယာရစ် လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံ မဏ္ဍပ်၌ စေတီတော်ငြမ်းထက်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် အထက်ဌာပနာတော်သွင်း လှူပူဇော်ရန်အတွက် အထက်ဌာပနာတော်တိုက်သို့ တက်ရောက်နေရာယူကြရာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက မင်္ဂလာအခါတော်ကြားစာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဓာတုစေတီတော်မှ စတင်၍ ခက်မငါးဖြာနှင့် ပြည့်စုံသော ရတနာငွေဗောဓိပင်တော်အပါအဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီတော်နှင့် ရဟန္တာလေးပါး ရုပ်တုတော်များကို ဌာပနာတော်သွင်းလှူ ပူဇော်ပြီး အထက်ဌာပနာတော်တိုက်ကိုပိတ်၍ ပရိတ်နံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ရွှေထီးတော် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မြလေယာဉ်မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပေးကြသည်။

တပ်ဆင်ပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် စေတီတော်အထွတ်တွင် ပင့်ဆောင်ထားသည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း စနစ်တကျတပ်ဆင်လှူဒါန်းပူဇော်ကြသည်။

ထိုအချိန်တွင် ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၏ အရံစေတီတော်လေးဆူကိုလည်း ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဗိုလ်မှူးကြီးတင်ငွေ၊ ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ ဗိုလ်မှူးကြီးကံချွန်တို့က ရွှေထီးတော်များကို ရတနာပန်းတောင်းဖြင့် တစ်ပြိုင်တည်း ပင့်ဆောင်ကြပြီး အရှေ့တောင်ထောင့်အရပ်မှစတင်၍လက်ယာရစ် တင်လှူပူဇော်ကြကာ ပရိတ်နံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် စိန်ဖူးတော်တွင် သာသနာ့အလံကိုလည်းကောင်း၊ ငှက်ပျောဖူးတော်တွင် ရွှေကြာသင်္ကန်းတော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးသည်။

ယင်းနောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့သည် အာရုံခံတန်ဆောင်းလေးခုတို့အတွင်း၌ ကိန်းဝပ်စံပယ်အပူဇော်ခံတော်မူကြမည့် ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းတော်များ၊ မြသပိတ်တော်နှင့် ဆွမ်းတော်များ၊ သစ်သီးနှင့် သောက်တော်ရေများဖြင့် ကပ်လှူပူဇော်ကြသည်။

အနေကဇာတင်

ထို့နောက် ဆရာတော်၊ သံဃာတော်တို့က အာရုံခံတန်ဆောင်းများမှနေ၍ ဓာတုစယဓာတ်ပေါင်းစုစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြားကာ ဒေဝဂမနဝေလာဂါထာကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်း မင်္ဂလကုန်းတော်ပြင်၌ တည်ထားကိုးကွယ်ထားသည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်သည် ဉာဏ်တော်အမြင့်၄၅ပေရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အသက်ရှည်စွာ အနာမဲ့ရေး (၂၂)

ဦးလေးချောတို့အဖွဲ့ ရောက်လာကြပါသည်။

"ဆရာ အခုတလော ခရီးအတော်သွားရတာပဲနော်"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒီတစ်လအတွင်း မီးရထားသုံးခေါက်တောင်စီးရပါတယ်"

"ဒီတော့ ကျွန်တော်တို့အတွက် အစားလက်ဆောင်၊ စကားလက်ဆောင်တော့ ပါမှာပေါ့နော်။ အတွေ့အကြုံလေးတွေ ဖောက်သည်ချပါဦး"

"ဟုတ်ကဲ့၊ မှတ်မှတ်ရရခင်ဗျား၊ ကျွန်တော်ရထားစီးတိုင်း ဒီလူကိုတွေ့တယ်၊ လူကအရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင်၊ ရှပ်လက်တိုအကျွက်ဝတ်ထားတယ်၊ လုံချည်ကွက်စိပ်က အရောင်မကွဲတော့ဘူး၊ ခါးမှာတစ်တောင့်ထွာခန့်ရှိတဲ့ ချည်လက်သုတ်ပဝါကို ညှပ်ပြီး အောက်ကိုတွဲလောင်းချထားတယ်။ (ထမင်းတစ်ပွဲ ၅၀၀၊ ကြက်သားကြော်နဲ့ ရင်အုံ ကြိုက်သလား၊ ပေါင်ကြိုက်သလား ကြိုက်ရာရမယ်၊ ကြက်ကြော်ဆီဆမ်းပြီး သရက်ချဉ်သုပ်ပါ ထည့်ပေးမယ်ဆိုပြီး ရောင်းနေတာ)၊ သူ့ဆွဲခြင်းကိုချ၊ ဒူးထောက်လိုက်ရင် ခါးမှာချိတ်ပြီး တွဲလောင်းချထားတဲ့ တဘက်(လက်သုပ်)က ရထားကြမ်းပြင်မှာပုံနေတယ်။ အဲဒီအဝတ်ကို လက်သုတ်လိုက်၊ ကြက်သားကြော်ကိုင်လိုက်နဲ့ အကြိမ်ကြိမ်လုပ်ရင်း ထမင်းပွဲပြင်နေတာ၊ ထမင်းပွဲက သတင်းစာနဲ့ ထုပ်ထားတယ်။ ဝယ်သူရှိရင် ပလတ်စတစ်ပန်းကန်ထဲ ထည့်ပေးပြီး ကြိုက်တဲ့ ကြက်သားတုံးကို ယူစေပါတယ်။ သူ့ကြက်ကြော်ဗန်း တစ်ဝက်လောက်ကုန်သွားရင် အဲဒီကျန်တဲ့ ကြက်ကြော်ဟာ လေး၊ ငါး၊ ခြောက်ခါ အကိုင်ခံရပြီးသား ဖြစ်သွားပါတော့တယ်။ ကုန်ခါနီးတော့ထမင်းတစ်ပွဲ ၃၀၀ဖြစ်သွားရောခင်ဗျ"

"အဲဒီတော့ ဆရာရော စားခဲ့ရောလား"

"ကျွန်တော်က ဝမ်းပျက်လွယ်လို့ မစားခဲ့ပါဘူး"

သို့သော် ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့လူငယ်လေးက သူ့ဘေးမှာရှိတဲ့ ဦးဇင်းကြီးတစ်ပါးကို ဆွမ်းကပ်တာ စိတ်ဝင်စားစရာတွေ့ခဲ့ရတယ်။ လူငယ်က ရည်ရည်မွန်မွန်ပါပဲ၊ ဂျင်းဘောင်းဘီဝတ်ထားတော့ ခေတ်လူငယ်ပေါ့။

ထမင်းသည်ခေါ်ပြီး ထမင်းနှစ်ပွဲ ပြင်ခိုင်းတယ်။ ဘုန်းကြီး---ဆယ့်တစ်နာရီခွဲပြီ ဘုရား၊ အချိန်လွန်သွားလိမ့်မယ်၊ ဆွမ်းစားရအောင်ဆိုပြီး ထမင်းတစ်ပွဲပေးပါတယ်။ ဘုန်းကြီးကတော့ တုံဏှိဘာဝေပဲ။ ကျွန်တော်က နေ့ဆွမ်းဘုဉ်းပေးတော်မူပါဘုရားဆိုပြီး ခုံလက်တင်ထဲမှာရှိတဲ့ ထမင်းစားဖို့စီမံထားတဲ့ အပြားကို ထုတ်တင်ပေးပြီး လျှောက်တော့မှ ဘုဉ်းပေးတော်မူပါတယ်။ ကြက်ရင်အုံကို ကော်ဇွန်းနဲ့ ထိုးလို့ ဘယ်ပဲ့ပါ့မလဲ၊ ဒါကြောင့် ဘုန်းကြီးက ထမင်းနဲ့ သရက်ချဉ် သုပ်ချည်းစားတယ်။ ဒီတော့ ထမင်းသည်က သူ့လက်နဲ့ ဖဲ့ပေးတယ်။ စားကောင်းလားဘုရား၊ ထပ်ယူဦးမလား ဘုရားလို့ လူငယ်က အထပ်ထပ် မေးတယ်။ ဘုန်းကြီးက ပြည့်စုံပါပြီလို့ပဲ မိန့်ပါတယ်။ လူငယ်ကတော့ ထမင်းနှစ်ပွဲနဲ့ ကြက်ကြော်သုံးခုစားတာ တွေ့လိုက်ရပါတယ်။

"ကျွန်တော်က ရေသန့်ဘူးရေကို ကော်ခွက်ထဲထည့်ပြီး ကပ်ပါတယ်။ ဝမ်းပိတ်ဆေးနဲ့ ဝမ်းကိုက်ပျောက်ဆေးပါ ထည့်ကပ်တော့ ဘာလဲမေးပြီး ဆေးကို လက်မခံပါဘူး။ နောက်ပြီး ဘုန်းကြီးက ဆုပေးပြီး တရားဟောတယ် ဆိုပါတော့ခင်ဗျာ"

"ဘုန်းကြီးတို့ အာဟာရမှီဝဲတာက ဒါယကာတို့နဲ့ ရည်ရွယ်ချက်ချင်းကွာတယ်။ ဘုန်းကြီးတို့မှာ ဒီအချက်(၁၀)ချက်နဲ့အညီ အာဟာရကို ဘုဉ်းပေးရတာ။

(၁) ရွာသူသားငယ်ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှာ မမှီဝဲဘူး။

(၂) လက်ဖွေ့လက်ပမ်းသည်တို့ကဲ့သို့ အားမာန်ရစ်ခြင်းငှာ မမှီဝဲဘူး။

(၃) အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှာ မမှီဝဲဘူး။

(၄) ကျွမ်းသမား၊ ကချေသည်တို့ကဲ့သို့ အရေအဆင်းလှပခြင်းငှာ မမှီဝဲဘူး။

(၅) ဤကာယ၏တည်ရုံငှာသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါတယ်။

(၆) မျှတရုံငှာသာလျှင် ဆွမ်းအစရှိသော အာဟာရကိုမှီဝဲပါတယ်။

(၇) ပင်ပန်းခြင်း ငြိမ်းရုံငှာသာလျှင် မှီဝဲပါတယ်။

(၈) သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယနှစ်ပါး ချီးမြှောက်ရုံငှာသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါတယ်။

(၉) ဆွမ်းကို မှီဝဲသဖြင့် ဝေဒနာဟောင်းကို ပယ်ဖျောက်အံ့သောငှာ မှီဝဲပါတယ်။

(၁၀) အသစ်ဖြစ်မည့် ဆင်းရဲဝေဒနာကို မဖြစ်စေအံ့သောငှာ မှီဝဲပါတယ်။ (စားကောင်းဖို့၊ မကောင်းဖို့ လျှာမှာ အရသာတွေ့ဖို့၊ မတွေ့ဖို့ မဟုတ်ပါဘူး)

ဒါယကာတို့ လက်တွေ့မကျင့်ကြံနိုင်သေးသော်မှ အာရုံပြုကြည့်ပေါ့။ လောကီလောကုတ္တရာ အကျိုးမပေးမီ စိတ်ချမ်းသာလာပါလိမ့်မယ်။

"မှန်ပါ့ဘုရား"

"ဆရာတော် ဝေဒနာမဖြစ်အောင် မှီဝဲတယ်လို့ မိန့်တော်မူရာမှာ တပည့်တော်ကပ်တဲ့ ဝမ်းပိတ်ဆေးနဲ့ ဝမ်းကိုက်ပျောက်ဆေးက ဝေဒနာမဖြစ်အောင် ကပ်တာပါဘုရား"

"ဒါယကာကြီး ဒီအတွက်တော့မပူပါနဲ့၊ ဦးဇင်းကျောင်းထဲမှာ ဝမ်းပျက်ဝမ်းလျှော ဝမ်းကိုက်အတွက် သစ်သီးသစ်ရွက်တွေ ပေါတယ်ဗျ"

ဒေါက်တာ လွင်ကို

ဦးဇင်းကျောင်းထဲမှာ ထားဝယ်မှိုင်းပင်လဲ ရှိတယ်။ အရွက်လက်တစ်ဆုပ်လောက်ခူး သုံးခွက်တစ်ခွက်တင် ကျိုသောက်၊ နှစ်ခါထက်ပိုမသောက်ရဘူး ဒါယကာကြီး။ နောက်ရှိသေးတယ်၊ မီးကွင်းဂမုန်းလေ အရွက်ပေါ် အစိမ်းရောင်သန်းပြီး အကြောဘက်က ခရမ်းနီရောင်သန်းတယ်လေ။ ပန်းခြံတွေမှာတောင် အလှစိုက်ကြတာ။ သူ့ရဲ့ပဥ္စငါးပါးကို နုပ်နုပ်စဉ်း သုံးခွက်တစ်ခွက်တင် သကြားရောပြီး ကြိုသောက်ရင်လဲ နှစ်ခါပဲ။ ဝမ်းကိုက်တာတော့ အလွန်ကောင်း။ ခံတက်ရွက်ပြုတ်လဲ ဒီအတိုင်းပါပဲဗျာ။

ရှားစောင်းသင်္ဂနိတ်ပင်လေ၊ အိမ်တိုင်းလိုလိုမှာ ပန်းအိုးနဲ့အလှစိုက်တာတွေ့ဖူးမှာပေါ့။ ဝမ်းကိုက်အတွက်တော့ ကောင်းသလားမမေးနဲ့။ အရွက်ငါးရွက်ကို လတ်လတ်ဆတ်ဆတ်ခူး ရေဆေးဖျော်ပြီး တစ်ရွက်ချင်းလိပ်စား။ သုံးခါထက် ပိုမစားရပါဘူး၊ ယူပစ်သလိုပျောက်တယ်။

ပိစပ်ရွက်လဲ သိတယ်မို့လား၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်အတွက်တော့ ပြုတ်တို့စားဗျာ၊ လက်တစ်ဆုပ်စာပေါ့။ တစ်ခါစားရုံနဲ့ ကျုပ်ကျောင်းသားလေးတွေ အဆင်ပြေသွားတာပါပဲ။

သလဲပင်အခေါက်လဲ ဦးဇင်းကျောင်းထဲမှာရှိတယ်။ ခံတက်ခေါက်လိုပါပဲ၊ ဝမ်းသွားတာကို ရပ်စေပါတယ်။ ဦးဇင်း ခေတ္တစောင့်ပါဘုရား။ လိုက်မှတ်ပါရစေ။"

"ပရုတ်ဗျာ၊ ဒါယကာတို့သိမှာပေါ့။ ကာလဝမ်းလို ဝမ်းမျိုးတောင်နိုင်တယ်။ သကြားရည်မပျစ်မကျဲ ဖန်ခွက်တစ်ခွက်မှာ ပရုတ် ၁၀စက်ရောပြီး မိနစ်၂၀ တစ်ကြိမ်လောက်သောက်ရင် ချက်ချင်းဝမ်းရပ်သွားတယ်။ ဦးဇင်း ကြုံဖူးတယ်။ ဝမ်းအခါ၂၀လောက်သွားပြီး ဆီးပါချုပ်၊ မျက်ဖြူတွေဘာတွေ လန်သွားတာ။ သကြားရည် တစ်ဖန်ခွက်မှာ ပရုတ်အစက် ၃၀နဲ့ ဖျော်တိုက်၊ နောက်တစ်နာရီ တစ်ကြိမ် ၁၀စက် ဆက်တိုက်တာ အသက်ချမ်းသာရာ ရသွားတယ်။

နောက်ပြီး မင်းကွတ်သီး အခွံကိုပြုတ် လက်ဖက်ရည်ပန်းကန် သုံးခွက်တစ်ခွက်တင်ပါစေ။ တစ်နာရီ တစ်ခွက်သောက်ရင် သုံးကြိမ်ထက်ပိုမသောက်ရဘူး။ မင်းကွတ်သီးအခြောက်ပဲရရင် အခွံကို သွေးတိုက်တစ်နာရီတစ်ဇွန်း ဟင်းခတ်ဇွန်းနဲ့ တိုက်ရင်လဲ သုံးကြိမ်တိုက်ရုံနဲ့ပဲ ဝမ်းလျှောတာ ပျောက်ပါတယ်။

လက်ထုတ်ကြီးကတော့ ဝမ်းကိုက်တာအတွက် ကောင်းတယ်လေ။ ဒါယကာကြီးကတော့သိမှာပေါ့။

ပန်းမပင်လဲ သိတယ်မို့လား။ အပင်ကြီးမျိုး၊ အရွက်က မာလကာရွက်နဲ့တူတယ်။ ရွက်ဖျားချွန်တာလေးပဲကွာတာ။ မြန်မာ့ဆေးအဖုံဖုံမှာ သူမပါရင် မပြီးဘူး။ အပူငြိမ်းဆေး၊ သွေးအားတိုးဆေး၊ အမောလုံဆေးအဖြစ် သုံးလေ့ရှိကြတယ်။ သူ့ရဲ့အခေါက် သွေးသောက်ရင်လဲ ဝမ်းသွားတာကို ရပ်စေတယ်။

လက်ပံပွင့် ၁၀ပွင့်လောက်ကောက်၊ ညမှာသကြားနဲ့ကျိုပြီး မနက်ကျ ဟင်းစားဇွန်းသုံးဇွန်းလောက်သောက်ရင်လဲ ဝမ်းကိုက်တော့ ပျောက်တယ် ဒါယကာတို့ရဲ့။ တစ်နေ့သုံးကြိမ် သုံးရက်လောက်တော့ သောက်ရတာပေါ့ဗျာ။

ကျုပ်ကျောင်းထဲ ဥသျှစ်ပင်လဲ ရှိတယ်။ ဥသျှစ်သီးကင်းအနုခြောက်တွေကို သွေးတိုက်ရင် ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက် အကုန်ပျောက်တယ်။

ပျဉ်းတော်သိမ်လဲ ရှိသေးတယ်ဗျ၊ ဝမ်းဖော ဝမ်းရောင်အတွက် ဟင်းရည်သောက်ချက်စား၊ ဒါမှမဟုတ် ရေနွေးဖြော်ပြီး တို့စားရင်ကောင်းတယ်။

မန်ကျည်းစေ့လှော်လဲ ဒီလိုပဲဗျ၊ ဝမ်းလျှောရင် ချက်ချင်းရပ်။ ဆက်စားရင် ဝမ်းတင်မက ဆီးအောင့် ဆီးချုပ်တောင် ဖြစ်နိုင်တယ်"

"ဦးဇင်းကျောင်းထဲမှာ ဒီအပင်တွေအားလုံးနီးပါးရှိတော့ ကိုရင်တွေ၊ ကျောင်းသားတွေအတွက် ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းလျှော၊ ဝမ်းပျက်၊ ဝမ်းကိုက် ကြောက်စရာမလိုဘူး ဒါယကာကြီးရဲ့။ ဒါကြောင့် ခင်ဗျာ့ဆေးကို သုံးစရာမလိုလို့ လက်မခံတာတဲ့ ဦးလေးချောတို့ရဲ့"

"ဆရာက လိုက်မှတ်နေရသေးလား။ မသိတာရှိရင် အင်တာနက်ကြည့်လို့ ရတယ်ဆို"

"လိုက်မှတ်တာက ဦးဇင်းကို ရိုသေတဲ့သဘောရယ်၊ ပြည်သူလူထုကြားမှာ တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ ဗဟုသုတဘယ်လောက်များ စိမ့်ဝင်ပျံ့နှံ့နေပြီလဲ ဆိုတာသိအောင် ခန့်မှန်းနိုင်အောင်လို့ပါ"

"ဒါကတော့ဆရာရယ် လေ့လာလိုက်စားတဲ့သူ သိမှာပေါ့။ အခု ဆရာတော်ဆိုရင် အသက်အရွယ်အရရယ်၊ လေ့လာလိုက်စားလို့ရယ် ဆိုရမှာပေါ့နော်"ဟု ဦးလေးတင်အေးက ပြောပါသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် တစ်ခုသတိရမိတယ်။ Education is the Best social vaccine against the diseases. (ပညာရေးဟာ ရောဂါဘယများကို တိုက်ထုတ်ဖို့အတွက် အကောင်းဆုံးလူမှုရေး ကာကွယ်ဆေးကြီး)ဆိုတဲ့ WHO ရဲ့ စာလေးတစ်ကြောင်းပါ။ ဒါကြောင့် ဒုတိယတန်းလောက်ကစပြီး တစ်နှစ် ၁၀ပင် အနည်းဆုံး ဆေးဖက်ဝင် အပင်များအကြောင်းကို ကလေးတွေကို သင်ပေးရင် ၁၀တန်းလောက်ရောက်တော့ အပင်၁၀၀လောက် သိသွားကြမှာပေါ့။"

"ဟုတ်တယ်ဆရာရေ၊ မူလတန်းအဆင့်မှာ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်လာဥနီ၊ သံပရာသီး၊ ရှောက်သီး၊ တမာ၊ ကန်စွန်း၊ မုန်ညင်းဆိုတဲ့အဆင့် လောက်ကစရင် ကလေးတွေလဲ စိတ်ဝင်စားကြမှာပါဟု" ဦးလေးစံမောင်က ထောက်ခံပါသည်။

"ဆရာရေ အဲဒါကနောက်မှ အမြန်ဆုံးလုပ်ငန်းစရအောင်။ အခုနွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်နေတယ်လေ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့်ပါပဲ။ ဆရာ့ ဗဟုသုတလေးတွေဖြန့်ဝေနိုင်မလား။ ကျွန်တော်စီစဉ်ကြည့်လိုက်ပါ့မယ်။"

"ကျေးဇူးပါပဲ ဦးလေးတို့ရာ။ ဒါဟာလဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ရဲ့ အခြေခံပါပဲ။ ကျွန်တော်ကိုယ်တိုင်ရော ယဉ်ကျေးလိမ္မာ သင်တန်းဆရာတွေပါ ကလေးတွေကို သင်ပေးနိုင်အောင် ကျွန်တော် စာရွက်စာတမ်း ပြင်ဆင်ပေးထားပါ့မယ်။"

"ကျွန်တော်တို့က ပိုပြီးကျေးဇူးတင်ရမှာပါ ဆရာ"

ကဆုန်လပြည့်နေ့က ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် အတွင်းရှိ ဗောဓိ ပင် အားညောင်ရေသွန်းပွဲ ကျင်းပရာ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့် ဦးစီး၍ ရန်ကင်းမြို့နယ်တွင်းရှိ ရပ်ကွက်ပေါင်း ၁၅ရပ်ကွက်တို့မှ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ညောင်ရေသွန်းလောင်းကြစဉ်။ (က-ပ)

ကမ္ဘာ့ကြက်ခြေနီနေ့
၂၀၀၇ ခုနှစ် မေလ ၈ ရက်
World Red Cross Day
8th May 2007
"Together for Humanity"
"လူမှုကရုဏာ စာနာရေး ပိုင်းဝန်းလက်တွဲဖော်ဆောင်ပေး"
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၆၅)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့် ချီဖွေချောင်း ရေအားလျှပ်စစ်စီမံကိန်း စတင်ခြင်း အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် မေ ၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် China Power Investment Corporation (CPI)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကချင်ပြည်နယ်အတွင်းရှိ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းနှင့် ချီဖွေရေအားလျှပ်စစ်စီမံကိန်းကြီးများ အကောင်အထည်ဖော် တည်ဆောက်ရာတွင်စီမံကိန်းလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ချီဖွေချောင်းပေါ်တွင် (၆၅)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိမည့် "ချီဖွေချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း စတင်ခြင်းအခမ်းအနား (Ground Breaking Ceremony)ကို အဆိုပါ စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်မည့်နေရာ၌ ဧပြီ ၃၀ ရက်တွင် ကျင်းပသည်။

ယင်းအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China Power Investment Corporation (CPI)မှ Vice President, Mr. Shi Chengliang နှင့်အဖွဲ့ဝင်များ၊ အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား

ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က အမှာစကား ပြောကြားကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဂုဏ်ပြုသဝဏ်လွှာကို သံအမတ်ကြီး၏ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ဖတ်ကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ CPI မှ Vice President, Mr. Shi Chengliang၊ CISPDR မှ Project Manager, Mr. Niu Xinqiang နှင့် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း ပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးများနှင့် CPI မှ Vice President တို့က ချီဖွေချောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

အမှတ်တရ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ရှေ့တွင် စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြကာ စက်ယန္တရားကြီးများဖြင့် လုပ်ငန်း စတင်ဆောင်ရွက်သည်ကို ရှုရပ်မှနေ၍ ကြည့်ရှုအားပေးကြသည်။

စတင်ဆောင်ရွက်

ယနေ့ကျင်းပသော ချီဖွေချောင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်း စတင်ခြင်းအခမ်းအနားမှာ ဧရာဝတီမြစ်ဆုံနှင့် မေခမြစ်ဝှမ်း၊ မလိခမြစ်ဝှမ်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ် စီမံကိန်းခုနစ်ခုအနက် ပထမအဆင့်အဖြစ် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် CPI Corporationတို့ ပူးပေါင်းဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အား ၃၆၀၀ မဂ္ဂါဝပ်ရရှိမည့် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းနှင့် လျှပ်စစ်ဓာတ်အား ၂၀၀၀ မဂ္ဂါဝပ်ရရှိမည့် ချီဖွေရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်ရာတွင် အသုံးပြုရန် လိုအပ်သော Construction Power လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ချီဖွေချောင်းပေါ်တွင် လျှပ်စစ်ဓာတ်အား ၆၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် ချီဖွေချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းကို စတင်ဆောင်ရွက်သော အခမ်းအနားဖြစ်သည်။

ပထမအဆင့်အဖြစ်စတင်

ဧရာဝတီမြစ်ဆုံ၊ မေခနှင့် မလိခမြစ်ဝှမ်းတို့တွင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်နေရာများအဖြစ် မြစ်ဆုံတွင် ၃၆၀၀ မဂ္ဂါဝပ်၊ ချီဖွေတွင် ၂၀၀၀ မဂ္ဂါဝပ်၊ ပရဲတွင် ၁၆၀၀ မဂ္ဂါဝပ်၊ လကင်တွင် ၁၄၀၀ မဂ္ဂါဝပ်၊ ဖီဇောတွင် ၁၅၀၀ မဂ္ဂါဝပ်၊ ခေါင်လံဖူးတွင် ၁၇၀၀ မဂ္ဂါဝပ်၊ လိုက်ဇာတွင် ၁၅၆၀ မဂ္ဂါဝပ် အပါအဝင် စုစုပေါင်း ၁၃၃၆၀ မဂ္ဂါဝပ် ထုတ်လုပ်ရရှိနိုင်မည်ဖြစ်ပြီးမြစ်ဆုံနှင့် ချီဖွေရေအားလျှပ်စစ်စီမံကိန်းကြီးများကို ပထမအဆင့်အဖြစ် စတင်ဆောင်ရွက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ ပညာသင်ကြားရေး ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

Moe International Co., Ltd, နှင့် မလေးရှားနိုင်ငံ Nilai International College တို့ ပူးပေါင်း စီစဉ်မှုဖြင့် Malaysiaပညာသင်ကြားရေးဆိုင်ရာ ဆွေးနွေး ပွဲကို မေ ၁၀ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal၌ ညနေ ၃ နာရီမှ ၅ နာရီ အထိလည်းကောင်း၊ မေ ၁၃ ရက်(တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ Mandalay Swan Hotel၌ နံနက် ၉နာရီမှ ၁၁နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများတွင် နိုင်ငံတကာ ပညာသင်ကြားရေး အတွေ့အကြုံနှင့်ပတ်သက်၍ ယင်းကောလိပ်၌ ပညာသင်ကြားခဲ့ပြီး Marketing Executive တာဝန်ယူထားသည့် မြန်မာနိုင်ငံမှကျောင်းသူဟောင်း ဒေါ်ခိုင်ခိုင်လင်းက ဟောပြော ဆွေးနွေးမည် ဖြစ်၍မိဘများ၊ ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက် လေ့လာမေးမြန်းဆွေးနွေးနိုင်ကြသည်။

ရယူနိုင်

Nilai International Collegeတွင် သုံးနှစ်ပညာ သင်ကြား၍ England နိုင်ငံ Oxford University နှင့် Australia နိုင်ငံ La Trobe Universityများမှ B.A,B.Scဘွဲ့များ တိုက်ရိုက်ရရှိနိုင်ပြီး လုပ်ငန်းခွင်သို့ အလွယ်တကူ ဝင်ရောက်နိုင်သည့် Information Technology & Computing, Accounting & Business, Electrical ၊ Mechnical Engineering၊Hotel Management Nursing ၊ Pharmacy ၊ Medical Laboratory Technology ဒီပလိုမာ များကို ရယူနိုင်သည်။

ဆက်သွယ်မေးမြန်းနိုင်

ယင်းကျောင်းသို့ တက်ရောက်ခွင့် ရရှိနိုင်ရန် English Placement Testစိစစ်ပေးရန် အစီအစဉ်များရှိသဖြင့် စိတ်ပါဝင်စားသူများသည် အသေးစိတ် သိရှိလိုပါက အမှတ်(၁၉၆) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ (ဖုန်း-၂၄၅၆၆၃၊ ၃၉၂၅၇၃နှင့် ၃၉၂၉၄)တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ၁၆ လမ်းနေ ဦးမောင်ကြီးအားရည်စူး၍ ဒေါ်တင်ကြည်မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဟိုပင်မြို့ မြဖေယျာပရိယတ္တိစာသင်တိုက် ဓမ္မလက်ာရကျောင်းဆောင်သစ် ရေစက်ချ

ကချင်ပြည်နယ် ဟိုပင်မြို့ မြဖေယျာပရိယတ္တိစာသင်တိုက် ဓမ္မလင်္ကာရ ကျောင်းဆောင်ရေစက်ချအောင်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၂၅ရက် နံနက် ၇နာရီက အဆိုပါကျောင်းဆောင်၌ကျင်းပသည်။ အဆိုပါဓမ္မလင်္ကာရကျောင်းဆောင်ကို ဟိုပင်မြို့ မြဖေယျာရပ်နေ ဘုရား၊ ကျောင်း၊ စောင်းတန်း၊ ရဟန်းဒါယိကာမကြီး ဒေါ်သောင်းမိသားစုက သိန်း ၃၀၀ကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး စာသင်ရဟန်းအပါး ၁၀၀ကျော်တို့အား စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးရေဝတက ကြီးကြပ်ပြီး ရဟန်းစာဝါများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သုံးဘီးမော်တော်ဆိုင်ကယ် ပို့ဆောင်ရေးအသင်းရုံးဖွင့်

ပျော်ဘွယ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သုံးဘီးမော်တော်ဆိုင်ကယ်များ ပို့ဆောင်ရေးအသင်းရုံးဖွင့်ပွဲကို ဧပြီ ၂၃ရက်က လမ်းမတော်ရှိအသင်းရုံး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးမှူး ဒုတိယဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစန်းဋ္ဌေး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဗိုလ်မှူးသက်ထွန်း(ငြိမ်း) တက်ရောက်ကြပြီး ပြည်ချစ်သား သုံးဘီး မော်တော်ဆိုင်ကယ် လိုင်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(၂၅၀)**

ဆင်ဦးကင်းစေတီနှင့် ထူပါရုံအောင်သိဒ္ဓိရှင်စေတီတော် ရွှေထီးတော်တင်လှူပွဲ ငပုတော၌ ကျင်းပ

ငပုတောမြို့နယ် အုတ်ရှစ်ကွင်း ကျေးရွာအုပ်စုတွင် ဆင်ဦးကင်းစေတီတော် ၎င်း ကျောင်းကျေးရွာ အုပ်စုတွင် ထူပါရုံ အောင်သိဒ္ဓိရှင် စေတီတော်တို့အားကဆုန်လပြည့် ညနေပိုင်းတွင် ငပုတော (ဗုဒ္ဓနေ့)တွင် မြို့နယ် ဥက္ကဋ္ဌ ဦးဋ္ဌေးကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ကြည်ညိုကာ ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။ မြို့ကျက်သရေ ဆောင် ရွှေမြင်တင် စေတီတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော်အား စည်ကား သိုက်မြိုက်စွာ ကျင်းပကြကြောင်းသိရသည်။ (မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ရေစကြိုမြို့ ရွာပိုးရပ်လူငယ်စာကြည့်တိုက် စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်း

ရေစကြိုမြို့အမှတ်(၅)ရပ်ကွက် ရွာပိုးရပ်ကိုယ့်အားကိုယ်ကိုး လူငယ်စာကြည့်တိုက်သို့စာအုပ်များနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဧပြီ၆ ရက် ညနေ ၅ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ၁၆ ဦးက သုတ၊ ရသစာအုပ်မျိုးစုံ ၅၀၀ ကျော်နှင့် ငွေပဒေသာပင် ငွေကျပ် ၁၃၀၀၀ စိုက်ထူကြသည်။ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်တင့်က ဂုဏ်ပြုလွှာများ ပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးလင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဧပြီ၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့သည် ကျေးလက်ဒေသများသို့ စည်ပင်ဝန်ထမ်းများနှင့် အတူကွင်းဆင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **(၀၂၇)**

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ လွတ်ကင်းအောင်ဆောင်ရွက်

နေပြည်တော် မေ ၅

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက်၆နာရီခွဲက နေပြည်တော်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဗဟိုမီးသတ်စခန်း၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်ကယ်နှင့် မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်အား မီးသတ်တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိတိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်ပိုင် ကုန်ထုတ်အရင်းအနှီးများ၊ အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်အသွယ်သွယ်ကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကာကွယ်တားဆီးစောင့်ရှောက်ရန် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ဆိုသည့် မွန်မြတ်မြင့်မားသောရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်ကြီး ငါးရပ်ဖြစ်သည့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေး ဆိုသည့် တာဝန်များကို မီးသတ်လုပ်ငန်းစဉ်(၇)ရပ်ချမှတ်ကာ မီးသတ်တပ်ဖွဲ့၏ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် တိတိကျကျ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် **"တပ်မတော်သားတွေကလည်း အနာဂတ်မှာ နိုင်ငံတော်ကြီးရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေ သာယာဝပြောဖို့အတွက် စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးစတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးရေး အခြေခံကောင်းတွေကိုတည်ဆောက်ပေးလျက်ရှိတယ်"** ဟု မိန့်ကြားသွားကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးရေး အခြေခံကောင်းများ တည်ဆောက်လျက်ရှိနေသည့်အချိန်တွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအခြေခံကောင်းများကို ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မီးဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိရအောင် ကြိုတင်ကာကွယ်တားဆီးသွားကြပါဟုမှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ပါဝင်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ပြိုကွဲမသွားရအောင် လူတိုင်းတွင် တာဝန်ရှိသည့်အတွက် ကျေးလက်ဒေသမှအစ ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးရန်၊ ခိုင်မာကျစ်လျစ် တိုးတက်အောင် လေ့ကျင့်ပြုစု ပျိုးထောင်ကြရန်လိုကြောင်း၊ ထို့အပြင် ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်သွားကြရန်လည်း မှာကြားလိုကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် **"ဒို့နိုင်ငံရဲ့ အဓိကလိုအပ်ချက်ဟာ သွေးစည်းညီညွတ်ရေး ဖြစ်တယ်၊ သွေးစည်းညီညွတ်ရေးအတွက် မဏ္ဍိုင်ပြုရမယ့် အမျိုးသားရေးမူဝါဒတွေကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲဖြစ်တယ်"**ဟု မိန့်ကြားခဲ့ကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်သူနှင့် လက်တွဲပြီး အကောင်အထည်ဖော်လျက်ရှိရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူချမှတ်ခြင်းလုပ်ငန်းသည် အပြီးသတ်အပိုင်းကို ရောက်ရှိနေပြီဖြစ်၍** နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စွမ်းအားနှင့်တက်တက်ကြွကြွ အင်တိုက်အားတိုက် အောင်မြင်စွာ ဆောင်ရွက်ကြသည့်နေရာတွင် မီးသတ်တပ်ဖွဲ့ဝင်များကလည်းတစ်တပ်တစ်အား ပါဝင်ထမ်းဆောင်ကြရန် လိုကြောင်းကို မှာကြားလိုကြောင်း။

ကာကွယ်စောင့်ရှောက်

မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်သည် မီးငြိမ်းသတ်ရေးအပြင် အသက်ကယ်တင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ဆံဖျား ဆောင်ရွက်ရသည့်အတွက် မွန်မြတ်မြင့်မားသော လူမှုဝန်ထမ်းလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့၏အဓိကတာဝန်ကြီးငါးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် လူမှုရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ကရုဏာနှင့် အကြင်နာတည်းဟူသော နာငါးနာဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း။

ထိုသို့ ကာကွယ်စောင့်ရှောက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သုံးရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များကို အစဉ်ထက်မြက်စေရေးလေ့ကျင့်သွားရမည်ဖြစ်ပြီး၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ၊ နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားများကိုမီးဘေးအန္တရာယ်၊သဘာဝဘေးအန္တရာယ်များမှ လွတ်ကင်းအောင် မီးသတ်တပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့်သတိ၊သစ္စာ၊ သတ္တိနှင့်အညီ သက်စွန့်ဆံဖျား ဆောင်ရွက်သွားကြပါဟု ထပ်မံမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

သရုပ်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်ကယ်နှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် Ntegrator Private Limited မှ မန်နေဂျင်းဒါရိုက်တာ Mr. Jimmy Chang ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၅

အထက(၅)ဗိုလ်တထောင် ၂၀၀၀ပြည့်နှစ်အောင်နှင့် ၂၀၀၁ခုနှစ်အောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယခုလာမည့် မေ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ပွင့်ဖြူဝင်း ဖုန်း-၅၄၈၂၇၉၊ ချိုကြည်ကြည်ဇင် ဖုန်း- ၀၉-၅၁၄၀၈၁၈၊ မြတ်ကိုကို ဖုန်း- ၂၀၀၄၅၈၊ ဝင်းနောင်ဦး ဖုန်း-၂၉၄၄၅၉၊ နေမျိုးဦး ဖုန်း-၀၉-၅၁၀၅၇၆၆၊ အောင်သူခိုင် ဖုန်း-၀၉- ၅၁၂၀၃၈၉ နှင့် အေးငြိမ်းသော် ဖုန်း-၀၉-၉၉၇၁၉၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၄၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား
- ၈:၂၀ ၉။ အရေးပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook
- ၁၁:၅၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **မှတ်ကျောက်တင်ကြည့် အချစ်စစ်သည်** ကျော်သူ၊ခန့်စည်သူ၊မျိုးစန္ဒီကျော် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၃:၅၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ ကျုံပျော်မှ ကလော(ခေါ်) ပီလောပီနံ့မှုန့်
- ၁၄:၀၅ ၇။ အတီးပြိုင်ပွဲ
- ၁၄:၁၅ ၈။ မြေခဲတောင်ရေလှောင်တမံ
- ၁၄:၂၀ ၉။ သက်တံရောင်သံစဉ်
- ၁၄:၃၅ ၁၀။ **စည်းကမ်းလိုက်နာဘေးကင်းမှာ** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊လင်းဇာနည်ဇော်၊ ပွင့် ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး (ဝ/သ ရန်ကုန်)
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ သီရိဂေဟာ
- ၁၉:၁၀ ၁၀။ သီးနှံစိုက်ပျိုးအထွက်တိုး
- ၁၉:၁၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၂၃)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၁၄)

ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်လာနိုင်သော ပေါင်မြို့နယ်မှ ဂရင်းနိုက် အိမ်အလှဆင်ကျောက်များ

သတင်းမြင်ကွင်း - နုနုရီ နှင့် တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ဖြတ်ပြီးသော ကျောက်ပြားများကို စက်ကိရိယာဖြင့် အနားများ ဤသို့ အချော သပ်ရသည်။

ရန်ကုန် မေ ၅

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများ လျှံပယ်ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထိုကြွယ်ဝသော သယံဇာတ ပစ္စည်းများကို အသိပညာ၊ အတတ်ပညာနှင့် ပေါင်းစပ်၍ အသုံးပြုပါက နိုင်ငံနှင့် လူမျိုးအတွက် ရေရှည်တွင် အကျိုးများစွာ ဖြစ်လာမည် ဖြစ်သည်။

နိုင်ငံတော်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို လက်တွေ့ကျကျ အကောင်အထည် ဖော်ရာတွင် အဓိကျသောအချက်မှာ ကျေးလက်ဒေသ စီးပွားရေး တိုးတက်ခိုင်မာမှု ရရှိနိုင်ရေးပင် ဖြစ်သည်။ ထို့ကြောင့်လည်း မိမိဒေသအတွင်း စီးပွားရေး ကုန်ကြမ်း ရင်းမြစ်များ တွေ့ရှိမှုသည် အရေးပါပြီး ထိုကုန်ကြမ်း ရင်းမြစ်များကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် ကြံဆောင်မည်ကို တွေးခေါ်တတ်ကြရန်။ အလိုအပ်ဆုံးဖြစ်ရာ ထိုလိုအပ်ချက်ကို အံ့ဝင်ခွင်ကျလုပ်ငန်း၊ အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်း၊ တစ်နည်းအားဖြင့် သင်ပုန်းကျောက်မှ အလှဆင် ကျောက်ဖြစ်အောင်လုပ်သော (ဂရင်းနိုက်-အလှဆင်ကျောက်လုပ်ငန်း)လုပ်ငန်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် အတွင်း ကျောက်ရေတွင်း ကျေးရွာတွင် တည်ရှိပြီး ထုတ်လုပ်သူမှာ ဒေါ်စိန်ရွှေဖြစ်သည်။ မိန်းမသားပင် ဖြစ်လင့်ကစား တောလမ်း တောင်တက်ခရီးကို တစ်နေ့လျှင်နှစ်ခေါက်ကျ ယောကျ်ားများနှင့် တန်းတူ သွားလာနိုင်ပြီး ကျန်းမာရေး အထူးကောင်းမွန်သည်ကို တွေ့ရသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

မွန်ပြည်နယ် ပေါင်မြို့နယ် ကျောက်ရေတွင်းကျေးရွာရှိ သင်ပုန်းကျောက်တောင်ကို ဤသို့ တွေ့ရသည်။

သင်ပုန်းကျောက်

ဒေါ်စိန်ရွှေက ပြောကြားရာတွင် **ဤကျောက်တူးကွက်ဒေသသို့ မူလရောက်စဉ်က ခနောက်စိမ်း တူးရန်ဖြစ်ကြောင်း၊ လုပ်ငန်းစရာတွင် ခနောက်စိမ်းမထွက်ဘဲ ယခု သင်ပုန်းကျောက် ထွက်လာရာ ၎င်းကျောက်၏ သဘောကို လေ့လာ စုံစမ်းခဲ့ကြောင်း၊ နိုင်ငံခြားမှာရှိပြီး မြန်မာပြည်တွင် ယခုမွန်ပြည်နယ် ပေါင်မြို့နယ်တွင်သာ ရှိကြောင်းနှင့် ၎င်းကျောက်၏ သဘာဝမှာ ပူလွယ်၊ အေးလွယ်ခြင်း၊ အပူကိုစုပ်ယူထားမှု မရှိခြင်း၊ အချိန်မည်မျှကြာလင့်ပစေ အရောင်ပြောင်းလဲမှု မရှိခြင်း၊ မာကျောခြင်းအဆင့်မြင့်၍ ရေညှိမတက်ခြင်းစသည့် ထူးခြားချက်များရှိကြောင်း**ကို သမီးဖြစ်သူ နန်းထိပ်ထားက ထပ်မံရှင်းလင်း ပြောခဲ့ပါသည်။

ထို့ကြောင့် သဘာဝထူးခြားပြီး ရှားပါးသည့် အထက်ပါ သင်ပုန်းကျောက်ကိုပင် ဒေသထွက်ကုန်အဖြစ် စီးပွားရေး ဖောက်ချလုပ်ရန် ရည်ရွယ်ခဲ့ကြောင်း။

အဆိုပါ သင်ပုန်းကျောက်မှာ တူးရာတွင် အလွှာလိုက်၊ အချပ်လိုက် ကွာတတ်ပြီး တစ်နေ့ ပျမ်းမျှ တစ်ပေပတ်လည် အချပ်ရေ ၂၀၀ ထွက်ရှိကြောင်း၊ ကျောက်တူး လုပ်ငန်းတွင် အတူးသမား ၂၀၊ အရွက်သမား ၁၅ ဦး ကျောက်ဖြတ်သမား လေးဦးရှိပြီး အချပ်ရေစား၊ နေ့စားဟူ၍ အလုပ်သမား နှစ်မျိုးရှိကြောင်း သိရသည်။

တင်ပို့

တူးဖော်ပြီးသော ဂရင်းနိုက် ကျောက်များကို မှာကြားသည့် အရွယ်အစားအတိုင်း ဖြတ်တောက်ပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ကြောင်း၊ ၎င်းမှတစ်ဆင့် နိုင်ငံခြားသို့ တင်ပို့ကြောင်း၊ မလေးရှားက တိုက်ရိုက်မှာယူတာလည်းရှိပြီး အခြားပြည်နယ်များသို့လည်း တင်ပို့ရကြောင်း သိရသည်။ ဂရင်းနိုက်ခေါ်သည့် အိမ်အလှဆင် ကျောက်များကို ကားပါကင်များ၊ လူနေအိမ် ခြံစည်းရိုး ခတ်ရာတွင် လည်းကောင်း၊ ရေချိုးခန်းနှင့် လူလျှောက်လမ်းများတွင် လမ်းခင်းခြင်းဖြင့် လည်းကောင်း၊ ကြမ်းခင်းများ၊ နံရံများ အလှဆင်ကပ်ရာတွင်လည်းကောင်း အသုံးပြုကြကြောင်း သိရသည်။

တောရိပ်သစ်ရိပ်

အဆိုပါ ကျောက်တူးဖော်ရေး လုပ်ငန်းခွင်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ကိုယ်တိုင်သွားရောက်ရာတွင် ကားလမ်းမှ တစ်မိုင်ကျော် တောလမ်းကို လျှောက်ရပြီး တောင်ခြေရောက်က တူးဖော်သည့်စခန်းရှိရာ တောင်ခွတ်လတ်သို့ အတက်ခရီး မိုင်ဝက်ခန့် သွားခဲ့ရသည်။ နေပြောက်ပင် မထိုးသော တောရိပ်၊ သစ်ရိပ်အကြား ကျေးငှက်တိရစ္ဆာန်တို့၏ အော်မြည်သံများကို အဝေးမှ ကြားနေရသည်။ ကျောက်တူးစခန်းသို့ ချေများ၊ စိုင်များ၊ တောဝက်များ ယခင်က မကြာခဏ လာတတ်ကြောင်း ပြောခိုက်မှာပင် ချေတစ်ကောင် ချုံကြားမှ ထပြေးသွားသည်ကို မြင်တွေ့ခဲ့ရသည်။

သဘာဝအရင်းအမြစ်

ယခုကဲ့သို့ တောတောင် လျှိုမြောင်အတွင်း တည်ရှိနေသည့် သဘာဝ အရင်းအမြစ်များကို တူးဖော် ထုတ်လုပ်ခြင်းဖြင့် သင်ပုန်း၊ မာဘယ်၊ ဂရင်းနိုက်၊ စကျင်၊ ရွှေလာငွေလာ ကျောက်ပြား၊ သဲကျောက်များအဖြစ် လင်းသူရ ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်နေခြင်းမှာ နိုင်ငံ၏ သယံဇာတ ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်ထိ ကျော်ကြားအောင် ပြုလုပ်နိုင်ခဲ့ပြီး ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး ထုတ်လုပ်ရေးကိုလည်း အကောင်အထည်ဖော်ရာ ရောက်ပါကြောင်း ကွင်းဆင်းလေ့လာ မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျောက်တူးလုပ်ငန်းခွင်

သင်ပုန်းကျောက်များ အလွှာလိုက်၊ အချပ်လိုက် သင်ပုန်းကျောက်တူး လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

သင်ပုန်းကျောက်မှာ နိုင်ငံခြားမှာသာရှိပြီး မြန်မာပြည်တွင် မွန်ပြည်နယ် ပေါင်မြို့နယ်တွင်သာရှိ။

ကျောက်၏သဘာဝမှာ ပူလွယ်၊ အေးလွယ်ခြင်း၊ အပူကိုစုပ်ယူထားမှုမရှိခြင်း၊ အချိန်မည်မျှကြာလင့်ပစေ အရောင်ပြောင်းလဲမှု မရှိခြင်း၊ မာကျောမှု အဆင့်မြင့်၍ ရေညှိမတက်ခြင်း စသည့် ထူးခြားချက်များရှိ။

သဘာဝထူးခြားပြီး ရှားပါးသည့် အထက်ပါသင်ပုန်းကျောက်ကို ဒေသထွက်ကုန် အဖြစ် စီးပွားရေး ဖောက်ချလုပ်ရန်ရည်ရွယ်။

အလှဆင်ကျောက်များ

သင်ပုန်းကျောက်မှ အလှဆင်ကျောက်များအား ဤသို့ တွေ့ရသည်။

ဓာတုစယဓာတ်ပေါင်းစုစေတီတော် အလယ်ဌာပနာတော် သွင်းလှူပူဇော်ပွဲကျင်းပ

နေပြည်တော် မေ ၅

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်း မင်္ဂလာကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစု စေတီတော်၏ အလယ်ဌာနပနာတော် သွင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အလယ်ဌာပနာတော်သွင်း ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၏ အလယ်ဌာပနာတော်သွင်း လှူပူဇော်ပွဲသို့ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမ ရွှေသုဝဏ် ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဓိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ငွေတောင်တောရ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိ တက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် သန်းဌေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိသူများ၊ စေတီတော် တည်ဆောက်ရေးကော်မတီ တွဲဖက် အတွင်းရေးမှူးအင်ဂျင်နီယာဦးတင့်ဆန်း နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ ပရိသတ်တို့က ကိုးပါးသီလ ဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ပေးကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက အလယ်ဌာပနာတော်သွင်း ပစ္စည်းများ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်များထံဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယဒီဃနိကာယပါဠိပါဠိရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်တို့က သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အလယ်ဌာပနာတော် သွင်းလှူပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနားကိုဆက်လက်ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နှင့်အဖွဲ့ဝင်များက ဌာပနာတော်များကို ဗဟိုမဏ္ဍပ်မှ ဓာတုစယဓာတ်ပေါင်းစု စေတီတော်သို့ ပင့်ဆောင်၍ လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပြီး အလယ်ဌာပနာတော်တိုက်သို့ ပို့ဆောင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဌာပနာတော်သွင်းပစ္စည်းများကို အစီစဉ်အတိုင်း ထည့်သွင်းပူဇော်ပေးကြပြီး ပရိတ်နံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့အချိန်တွင် ဆရာတော် သံဃာတော်များ ဦးဆောင်၍ ပရိသတ်တို့က ဇယမင်္ဂလာအောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ရုပ်သိမ်း

ထို့နောက် အခမ်းအနားမှူးက အမျှဝေစာတမ်းကို ဖတ်ကြားပြီး ဒေဝဂမနဝေလာဂါထာကို ဖတ်ကြား၍ နတ်ဖြဟ္မာတို့အား ပြန်လည်ပို့ဆောင်ကာ အလယ်ဌာပနာတော် သွင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်၏ အလယ်ဌာပနာတော်သွင်း လှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား အကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေ ကိုယ်စားလှယ် Mr. Tang Zheug Pingနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဝင်း အောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမအကြိမ်မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ဆိုင်းဘုတ်ကို ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် မြန်မာ နိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချ သူများ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲ များ ဧည့်သည်တော်များသည် သီးနှံ အလိုက် ပြိုင်ပွဲတွင် ဆုရရှိသည့် သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီနှင့် သင်္ဘော သီးများကို လှည့်လည် ကြည့်ရှုအားပေး ကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုင်ငံတော်ကြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး သီးနှံအထွက်တိုးရေးနှင့် အရည်အသွေးမီ သီးနှံများရရှိရေး ဘက်စုံဆောင်ရွက် လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အပူပိုင်းဒေသ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်နိုင်သကဲ့သို့ သမပိုင်း ဒေသ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် နှင့် ပန်းမန်များ စိုက်ပျိုးထုတ်လုပ်နိုင် သည်ကိုတွေ့ရှိရကြောင်း။ မြန်မာနိုင်ငံ အနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီး ဝလံ ပန်းမန်အမျိုးပေါင်း မြောက်မြားစွာ စိုက်ပျိုးလျက်ရှိသော်လည်း စိုက်ပျိုး ထုတ်လုပ်မှုအနေဖြင့် ပြည်တွင်းစာသုံး မှုအတွက်သာ အဓိကထားစိုက်ပျိုးနေ သည်ကို တွေ့ရှိရပြီး၊ ပြည်ပတင်ပို့မှု အနေဖြင့်မူ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ကြည့်မည်ဆိုလျှင် အဆများစွာ နည်းနေသေးသည်ကို တွေ့ရှိရကြောင်း။ ထို့ကြောင့် ပြည်ပတင်ပို့နိုင်ရန် အလား အလာရှိသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ယခုကဲ့သို့ ပြပွဲ ပြိုင်ပွဲများ ကျင်းပပြီး အရည်အသွေး ကောင်းသည့် သီးနှံများ ရွေးချယ်၍ ပြည်ပကိုတင်ပို့နိုင်အောင်ဆောင်ရွက် ကြရန် တိုက်တွန်းလိုကြောင်း။

ယခု ကျင်းပသည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်းပြပွဲ၊ ပြိုင်ပွဲ တွင် ယခုလက်ရှိ ပြည်ပတင်ပို့နေသော သီးနှံများဖြစ်သည့် သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သင်္ဘောသီး အစ ရှိသော သီးနှံကိုးမျိုးကို ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး ကျန်သည့် မြန်မာ ပြည်အနှံ့စိုက်ပျိုးထွက်ရှိသော သီးနှံ များကို ပြပွဲအဖြစ်ခင်းကျင်းပြသထား မည်ဖြစ်ကြောင်း။

များစွာအကျိုးရှိ

ဆွေးနွေးပွဲအနေဖြင့် လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန၊ FAO နှင့် မြန်မာနိုင်ငံသစ်သီး ဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တို့မှ ပညာရှင်များက ဈေးကွက်အခြေ အနေ၊ ပြည်ပတင်ပို့နိုင်မှုအလား အလာ၊ သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှု၊ အချိန်အခါမဲ့ သီးနှံများစိုက်ပျိုးထုတ် လုပ်နိုင်မှု၊ ကြာရှည်အထားခံ ထိန်းသိမ်း နည်းစနစ်များကို ဟောပြောဆွေးနွေး မည်ဖြစ်သည့်အတွက် စိုက်ပျိုးထုတ် လုပ်သူများအတွက် များစွာအကျိုးရှိ မည်ဖြစ်ကြောင်း။

နိဂုံးချုပ် အနေဖြင့် ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲ များတွင် တက်ရောက်ယှဉ်ပြိုင် ပြသ ကြသည့် ပုဂ္ဂိုလ်များကိုလည်းကောင်း၊ မြန်မာ့ သစ်သီးဝလံ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံ ပြိုင်ပွဲ ပထမအကြိမ်ကျင်းပနိုင်အောင် စီစဉ် ဆောင်ရွက်ပေးကြသော ဝန်ကြီး ဌာနများနှင့် တာဝန်ရှိသူ အသီးသီး တို့ကို လည်းကောင်း ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြော ကြားရာတွင် မြန်မာနိုင်ငံသည် သီးနှံ မျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေ သဘာဝနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံ ဖြစ်ကြောင်း၊ တိုင်းရင်းသားများသည် စိုက်ပျိုးရေးနှင့် နီးစပ် ယှဉ်ပါးကြသူ များဖြစ်ကြကြောင်း၊ နိုင်ငံတော် လူဦး ရေ၏ ရာခိုင်နှုန်း၇၀ ကျော် နေထိုင်ကြ သည့် ကျေးလက်ဒေသနေပြည်သူများ ၏ အဓိကအသက်မွေး ဝမ်းကျောင်း သည် စိုက်ပျိုးရေးဖြစ်ကြောင်း၊ ထို့ ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသောစီးပွားရေးလုပ် ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးတည်ချက်ချမှတ်ဆောင် ရွက်နေခြင်းဖြစ်ကြောင်း။

ပြည့်မီကျော်လွန်မည်

အဓိကသီးနှံဖြစ်သည့် ဆန်စပါး ထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ပြည် တွင်း၌ ဖူဖူလုံလုံစားသုံးနိုင်ရုံသာမက ပိုလျှံနေအောင် အစီအမံများ ချမှတ် ဆောင်ရွက်ခဲ့ကြကြောင်း။ ၁၉၈၈–၁၉၈၉ခုနှစ်မှာ စပါးစိုက်ဧက ၁၁ဒသမ ၈သန်းရှိပြီး အထွက်တင်းသန်း၆၃၀ ကျော်ရှိခဲ့ရာက စပါးတင်းသန်း၈၀၀ ထွက်ရှိရေးအတွက် ရည်မှန်းချက်ကို စတင်ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၉၃–၁၉၉၄ခုနှစ်ကစပြီး စပါးတင်းသန်း ၈၀၀ကျော် ပုံမှန် ထုတ်လုပ်လာနိုင်ခဲ့ ကြောင်း၊ ဒုတိယအဆင့် အနေဖြင့် စပါးတင်းသန်း၁၀၀၀ ထွက်ရှိရေးကို ဆက်လက်ဆောင်ရွက်ရာတွင် ၂၀၀၀–၂၀၀၁ခုနှစ်၌ တင်းသန်း ၁၀၀၀ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက် ပြီး စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေး အတွက် ဆက်လက်ကြိုးပမ်းအကောင် အထည်ဖော်ရာ၌ ၂၀၀၅–၂၀၀၆ခုနှစ် တွင် စပါးတင်းသန်း ၁၃၂၆သန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခင်ကာလ များထက် နှစ်ဆကျော် တိုးတက်ထုတ် လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက် ပြီး စပါးတင်းသန်း ၁၅၀၀ထုတ်လုပ် နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ပြီး မကြာမီ ပြည့်မီကျော်လွန်မည်ဖြစ် ကြောင်း ပြောကြားလိုကြောင်း။

မြန်မာ့ပဲသီးနှံသည် မြန်မာ့ လယ်ယာထွက်ကုန်များ၏ အဓိကပို့ကုန် အဖြစ် အားထားရသည့် သီးနှံဖြစ် ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ နိုင်ငံများအတွင်း ပဲမျိုးစုံထုတ်လုပ်ရေး ဦးဆောင်နိုင်ငံဖြစ်ပြီး အများဆုံးတင်ပို့ သည့် နိုင်ငံဖြစ်ကြောင်း၊ ၁၉၈၈–၁၉၈၉ခုနှစ်၌ ပဲမျိုးစုံတင်း၁၃သန်း (မက်ထရစ်တန် ၀ဒသမ၄သန်း) ထုတ် လုပ်ရာက ၂၀၀၅–၂၀၀၆ခုနှစ်တွင် အထွက်တင်း ၁၂၆သန်းကျော် (မက် ထရစ်တန်၄သန်း)အထိ ထုတ်လုပ်နေ ပြီဖြစ်ကြောင်း၊ ၁၀ဆကျော်ထုတ်လုပ် နိုင်သည့် အခြေအနေကောင်းများ ရရှိ နေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုး လျက်ရှိသည့် သစ်သီးဝလံအမျိုးပေါင်း ၇၀ကျော်၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင် သီးနှံအမျိုးပေါင်း ၁၀၀ခန့်၊ ပန်းမန် အမျိုးပေါင်း ၇၀ခန့် စိုက်ပျိုး လျက်ရှိကြောင်းကို တွေ့ရှိရကြောင်း။

ညှိနှိုင်းပူးပေါင်း

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် သစ်သီး ဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များ ၏ ပြည်ပဈေးကွက် တိုးချဲ့ရှာဖွေရေး ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သစ်သီး ဝလံ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် နိုင်ငံ၏ ဒေသအသီးသီးက စိုက်ပျိုး ထုတ်လုပ်သူများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ယခု အတွေ့အကြုံပေါ် မူတည်ပြီး ပိုမို တိုးတက်ကောင်းမွန်သည့် ရလဒ်များရရှိ နိုင်ရန်အတွက် ပြည်နယ်၊ တိုင်း အဆင့်ဆင့်တွင် အလားတူ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲများကို စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ် လုပ်သူများအနေဖြင့် မိမိတို့မှာ “ရှိ” သော်လည်း ကမ္ဘာက “မသိ”သေးသည့် အရည်အသွေးကောင်းသော သစ်သီး ဝလံ၊ သီးနှံများပြည်ပဈေးကွက် တင်ပို့ ရောင်းချနိုင်ရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသစ်သီး ဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က ကျေးဇူးတင် စကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်း အနားကို ဆက်လက်ကျင်းပရာ ရှေးဦး စွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက သရက်သီးပါ အပင်ပြိုင်ပွဲ၊ စိန်တလုံးသရက် သီးပြိုင်ပွဲ နှင့် မြကျောက်သရက်သီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြ သူများအား ဆုများပေးအပ် ချီးမြှင့် သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရွှေဟင်္သာ သရက်သီး ပြိုင်ပွဲ၊ ရင်ကွဲသရက်သီးပြိုင်ပွဲနှင့်အခြား သရက်သီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူ များအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ အသင်းဥက္ကဋ္ဌ ဦးဝင်း အောင်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက် ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စား လှယ် Mr. Tang Zheug Pingတို့က ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

စုံလင်စွာ ပြသထား

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ပန်းမန်ပြပွဲ၊ဆွေးနွေး ပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို ယနေ့မှ မေ၈ရက်အထိ ရန်ကုန်မြို့ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ်ရှိ မြေပဒေသာ ကျွန်း၌ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ဆုရ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ နှင့်သင်္ဘောသီးများ၊ ပညာပေးပြခန်း များ၊ ကုမ္ပဏီအရောင်းပြခန်းများ စိုက် ပေါင်များနှင့် သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်နှင့် ပန်းမန်များကို အမျိုး အစား စုံလင်စွာ ပြသထားသည်။

ထို့အတူ ဌာနဆိုင်ရာပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများနှင့် ပုဂ္ဂလိက ပြခန်းများလည်း ပါဝင်ပြသ ရောင်းချ ထားရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

မဏိရတနာ အမှတ်(၂)နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖျာပုံမြို့ မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ဝေပုလ္လက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးတော်မူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ဖွင့်လှစ်

ယင်းနောက် မဏိရတနာ အမှတ်(၂) နှစ်ထပ်ကျောင်းဆောင်သစ် အလှူတော် မင်္ဂလာအခမ်းအနားကို ကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖျာပုံမြို့ မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော်အား တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖျာပုံမြို့မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က မဏိရတနာ အမှတ်(၂) နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို ဖတ်ကြားတော်မူသည်။

ပူဇော်

ဆက်လက်၍ အဆိုတော်ဒေါ်ခင်စိုးဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရွှေတံဆိပ်ဆုရှင် မောင်ဟန်စိုး၏ မြန်မာ့စောင်းနှင့် တွဲဖက်၍ မဏိရတနာ အမှတ်(၂)နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲဧကပိုဒ်ရတုနှင့် ရှစ်ဆယ်ပေါ် တေးထပ်တို့ဖြင့် သီဆိုပူဇော်သည်။

ရပ်သိမ်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်က ကျောင်းအလှူအနုမောဒနာရေစက်ချတရားတော်ကို ဟောကြားတော်မူသည်။

လှူဒါန်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အလှူရှင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အနီးရှိ ယိမ်းဘုရားသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဂန္ဓကုဋိတိုက်တော်ရှိ ယိမ်းညွန့်ရုပ်ပွားတော်၊ ညွန့်ပေါင်း ရုပ်ပွားတော်တို့အား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mikhail MGELADZE သည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်း ရွာဦးစေတီဘုရားပွဲ

ရန်ကုန် မေ ၅

နှစ်စဉ်ကျင်းပသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းရှိ စမ်းချောင်းရွာတည် ရွာဦးစေတီတော်မြတ်ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာတို့ဖြင့် ကိုးရက်တိုင် ကျင်းပမည်ဖြစ်ရာ မေ၅ရက်တွင်ပင့်သံဃာအပါး၂၀မှ မော်တော်ယာဉ်ဖြင့် လမ်းအသီးသီးသို့ အန္တရာယ်ကင်းပရိတ် ရွတ်ပွားခြင်း၊ ၆ရက်မှ ၁၀ရက်အထိ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ၁၀ရက်နှင့် ၁၁ရက် ညတွင် ရင်ပြင်တော်၌ မြသိန်းတန် အောင်ဓမ္မာရုံဝတ်အဖွဲ့၊ မြလယ်တီ မဟာသရဏဂုံဝတ်အဖွဲ့တို့က ဝတ်ရွတ်ခြင်း၊ ၁၂ရက် မွန်းလွဲ၁နာရီမှစ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေထီးတော်များ ရပ်ကွက်လမ်းများသို့ အန္တရာယ်ကင်း အပူဇော်ခံ ဒေသစာရီကြွပြီး ယင်းနေ့ ညနေပိုင်း ဆွမ်းတော်မဲပို့ လာသူများ၊ ပရိသတ်များအား ဧည့်ခံခြင်း၊ ၁၃ရက် နံနက် ၁၀နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာအပါး ၅၀တို့အား ဘုံဆွမ်း၊ ဘောဇဉ်၊ နဝကမ္မဝတ္ထုများ ဆက်ကပ်ပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

လှိုင်မြို့နယ် အမှတ် ၅ရပ်ကွက် ကြံခင်းပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်ကြီးအတွက် ဧပြီ၃၀ရက်က ဗိုလ်ချုပ်အောင်ဆန်းဈေး ဘုန်းဟန်ကျော်ရွှေဆိုင်မှ ဦးဟိုစွမ်–ဒေါ်အေးအေးမူ မိသားစုတို့က ငွေကျပ်၁၅သိန်းကို ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်စိုးလွင်က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

နေ့အပူချိန် (၅–၅–၂၀၀၇)

နေပြည်တော်	၉၇	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်(ကမ္ဘာအေး)	၈၈	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၉၄	ဒီဂရီဖာရင်ဟိုက်
ခန္တီး	၉၉	ဒီဂရီဖာရင်ဟိုက်
မုံရွာ	၉၉	ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၉၉	ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၈	ဒီဂရီဖာရင်ဟိုက်

ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်ခေါင်းနှင့်တွဲအရန်ပစ္စည်းများတိုးချဲ့ထုတ်လုပ်ရေးဆွေးနွေးမှာကြား

ရန်ကုန် မေ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် ယမန်နေ့တွင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)၌ သံကြွပ်၊ သံမဏိ၊ သတ္တုစပ်ပစ္စည်း၊ ရော်ဘာ၊ လျှပ်စစ်အစိတ်အပိုင်းဆိုင်ရာ နည်းပညာ ပံ့ပိုးပေးနိုင်မည့် ပညာရှင်များ၊ ထုတ်လုပ်သော လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အင်းစိန်စက်ခေါင်းစက်ရုံ အထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက စက်ခေါင်းသစ်တည်ဆောက်ရေးဆိုင်ရာများနှင့် ပါဝင်သော ပစ္စည်းအစိတ်အပိုင်းများကို ရှင်းလင်းတင်ပြရာတွင် ပြည်တွင်း၌ ထုတ်လုပ်ပေးနိုင်ရေးနှင့်မိမိတို့စက်ရုံက အကူအညီပေးနိုင်မည့် ကိစ္စများကို ရှင်းလင်းတင်ပြသည်။

တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူ ရန်ကုန်နည်းပညာတက္ကသိုလ် သတ္တုဗေဒဌာန အငြိမ်းစား တွဲဖက်ပါမောက္ခ ဦးညွန့်ဌေး၊ Trust and Development မှ ပညာရှင် ဦးမြင့်ဇော်၊ Fair Sun မှ ဒိုင်နှင့် သံရည်ကျိုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ဒေါက်တာဖေခင်၊ ရေဒီယေတာလုပ်ငန်းရှင် ဦးကျော်ဇော၊ သတ္တုဗေဒ သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်အောင် အပါအဝင် ပညာရှင်များနှင့်လုပ်ငန်းရှင်များက ဖွဲ့စည်းဆောင်ရွက်သွားသင့်သော ကိစ္စများ၊ လက်ရှိ ထုတ်လုပ်ပေးသွင်းနေသော ပစ္စည်းများ၊ တိုးချဲ့ထုတ်လုပ်နိုင်မည့် ပစ္စည်းများ၊ သုတေသနပြုထုတ်လုပ်ပေးသွင်းရမည့်ပစ္စည်းများအတွက် စဦးတီထွင် ထုတ်လုပ်စဉ် ကုန်ကျစရိတ်များကို ကာမိစေရန်အတွက် မြန်မာ့မီးရထားဘက်က ပစ္စည်းအရေအတွက် တစ်ခုအထိ ညှိနှိုင်းသတ်မှတ်ဈေးဖြင့် ဝယ်ယူရေး စသည်တို့ကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ ယင်းနောက် စက်ရုံအတွင်း၌ အကြီးတန်းပြုပြင်နေသော စက်ခေါင်းများရှိ စက်မှု၊ လျှပ်စစ်၊ ဘရိတ်စနစ်များကိုလည်းကောင်း၊ စက်ခေါင်းဖရိန်များ၊ ဘိုဂီများ၊ စက်ခေါင်း ကိုယ်ထည်များ တည်ဆောက်နေသည့် လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ပြသ၍ ထုတ်လုပ်မည့် လုပ်ငန်းရှင်များကို ရှင်းလင်း ဖိတ်ခေါ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မန်ယူတို့ မန်စီးတီးကိုနိုင် ဖလားနှင့်လက်တစ်ကမ်းအလိုရောက်

သတင်းမြင်ကွင်း – မြင့်စိုး

လန်ဒန် မေ ၅

ပရီမီယာလိဂ် ပွဲစဉ်(၃၇)ဘောလုံးပြိုင်ပွဲများကို မေ၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားကို ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းသည် မန်စီးတီး၏အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူ၏တစ်လုံးတည်းသော အနိုင်ဂိုးကို စီရိုနယ်ဒိုက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ပွဲချိန်၃၄မိနစ်တွင် မိုက်ကယ်ဘော ကြမ်းတမ်းစွာကစားခဲ့၍ မန်ယူတို့ပယ်နယ်တီကန်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ပယ်နယ်တီ

မန်စီးတီးအသင်းသည် ပွဲပြီးရန်၁၁မိနစ်အလို မန်ယူနောက်တန်းလူ ဘရောင်း ကြမ်းတမ်းစွာကစားမိ၍ ပယ်နယ်တီပြန်ပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို ဗက်ဆဲလ်က ကန်သွင်းရာ၌ မန်ယူဂိုးသမား ဗန်ဒါဆာ ကာကွယ်နိုင်ခဲ့သည်။

လက်တစ်ကမ်း

မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲသိမ်းခရာမှုတ်သည်အထိ မန်စီးတီးအသင်းကို ထိန်းချုပ်ကစားသွားနိုင်ခဲ့သည်။ ယင်းပွဲတွင် မန်ယူတို့အနိုင်ရလိုက်၍ ပရီမီယာလိဂ်ဖလား ဆွတ်ခူးရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားသည်။

ယင်းပွဲအပြီး မန်ချက်စတာယူနိုက်တက်အသင်းသည် ၃၆ပွဲကစား ၂၈ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးပြီး ရမှတ် ၈၈မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေသည်။ ချယ်လ်ဆီးအသင်းသည် မေ၅ရက်အထိ ရမှတ်၈၀သာရရှိထားသည်။ မေ၆ရက် **(ယနေ့)**တွင် ချယ်လ်ဆီးတို့ အာဆင်နယ်နှင့်ကစားမည်ဖြစ်သည်။ အကယ်၍ အာဆင်နယ်က ချယ်လ်ဆီးအသင်းကို အနည်းဆုံး သရေခံကစားခဲ့သည်ရှိသော် မန်ယူတို့ ဖလားရရှိမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့် မန်ယူတို့သည် မေ၉ရက်တွင် လက်ကျန်ပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နောက်တစ်ပတ်တွင် မန်ယူက အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး ချယ်လ်ဆီးက အဲဗာတန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခြားပွဲရလဒ်များ

အဲဗာတန်	၃–၀	ပို့စ်မောက်
ဖူလ်ဟမ်	၁–၀	လီဗာပူး
နယူးကာဆယ်	၀–၂	ဘလက်ဘန်း
ရက်ဒင်း	၀–၂	ဝက်စ်ဖို့ဒ်
ဝက်စ်ဟမ်း	၃–၁	ဘော်လ်တန်
ဝီဂန်	၀–၁	မစ်ဒယ်ဘရော့
အက်စ်တန်ဗီလာ	၃–၀	ရှက်ဖီး။

(ကိုးကား–အင်တာနက်)

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကိစ္စများ ဆွေးနွေးနိုင်

ရန်ကုန် မေ ၅

မလေးရှားနိုင်ငံ Federation of Malaysia Manufacturers (FMM)မှ အမှုဆောင်လူကြီး Tan Sri Dato Soong Siew Hoong ခေါင်းဆောင်၍ အဖွဲ့ဝင်၂၆ဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ၉ရက်မှ၁၂ရက်အထိ လာရောက်မည်ဖြစ်ပြီး မေ ၁၀ရက်တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အပြန်အလှန်ကုန်သွယ်မှုပြုလုပ်လိုသည့်ကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စများကို မျက်နှာချင်းဆိုင် Business Matching ပြုလုပ်ရန်ရှိသည်။

မလေးရှားနိုင်ငံမှ FMM ကိုယ်စားလှယ်အဖွဲ့ဝင်များ အနေဖြင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်အခြေခံထုတ်ကုန်ပစ္စည်းများ၊ သားရေပစ္စည်းများ စသည်တို့ကို ဝယ်ယူရန်နှင့်ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးကိစ္စတို့ကို ဆွေးနွေးလိုကြောင်း၊ မလေးရှားနိုင်ငံမှ စားအုန်းဆီ၊ ကားတာယာ၊ အချိုရည်သုံးပစ္စည်းများ၊ ရှေးဦးသူနာပြုပစ္စည်း ကိရိယာများ၊ ထုပ်ပိုးပစ္စည်းများ၊ ရေပိုက်သုံးပစ္စည်းများ၊ သံမဏိပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ အဆောက်အအုံသုံးပစ္စည်းများ၊ ကားအပိုပစ္စည်းများစသည်တို့ကို ပြန်လည်ရောင်းချလိုကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်း၊ လယ်ယာအခြေခံစားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်း၊ ရေသန့်ထုတ်လုပ်မှုလုပ်ငန်းစသည်တို့တွင်လည်း အကျိုးတူရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုကြောင်း သိရသည်။

နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ မေ၇ရက်အရောက် အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း–၂၁၄၃၄၄မှ ၂၁၄၃၄၉အထိ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နစ်ဆန်း မော်တော်ကား ထုတ်လုပ်မှု လုပ်ငန်းခွင်တစ်နေရာကို မေ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံမြောက်ပိုင်း သဲကန္တာရများ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်မည်

ဟုပ်ဟော့ မေ ၅

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားဒေသတွင်ရှိသော သဲကန္တာရနှစ်ခုကို ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ သဲကန္တာရနှစ်ခုသို့ ခရီးသွားများ တိုက်ရိုက်လာရောက်စေရန်နှင့် ဆက်သွယ်ရေး အခက်အခဲများ လျော့ကျစေရေးအတွက် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ အတွင်းမွန်ဂိုလီးယားဒေသ ခရီးသွားလုပ်ငန်း ဗျူရိုဒုတိယညွှန်ကြားရေးမှူး မာယွန်ရှုန်ကပြောကြားသည်။ ခရီးသွားလုပ်ငန်းများ အနေဖြင့် အဆိုပါဒေသအတွင်း ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက် ပြောကြားသည်။ တန်ဂါ သဲကန္တာရဒေသသည် တရုတ်နိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး သဲကန္တာရတစ်ခုဖြစ်ပြီး စတုရန်းကီလိုမီတာ ၄၃၀၀၀ ကျယ်ဝန်းသည်။

သဲကန္တာရ

ထို့အတူဟုတ်သဲကန္တာရသည်လည်း စတုရန်းကီလိုမီတာ ၁၆၁၀၀ ကျယ်ဝန်းပြီး နာမည်ကျော်သဲကန္တာရတစ်ခု ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူအေအီး နိုင်ငံသားများ နွေရာသီခရီးသွားရန် မလေးရှားကို ရွေးချယ်

ကွာလာလမ်ပူ မေ ၅

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံသားများအတွက် ယခုနှစ်နွေရာသီ အားလပ်ရက်များတွင် ခရီးထွက်ရန် ရွေးချယ်မှု၌ မလေးရှားနိုင်ငံကို ဦးစားပေး ရွေးချယ်ခဲ့ကြကြောင်း မဂ္ဂဇင်းတစ်ခုက ပြုလုပ်သော ကွင်းဆင်းသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်ဟု ဒေသဆိုင်ရာမီဒီယာများက မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

ယူအေအီးအခြေစိုက် ခရီးသွားလုပ်ငန်းမဂ္ဂဇင်းအက်ဖ်ရာက ယူအေအီးနိုင်ငံသား ၃၀၀၀ကို ကွင်းဆင်းမေးမြန်းခဲ့ရာ ၂၂ရာခိုင်နှုန်းက မလေးရှားနိုင်ငံကို ဦးစားပေး ရွေးချယ်ခဲ့ကြကြောင်း ပြောကြားခဲ့သည်ဟု ဖော်ပြသည်။

ဈေးကွက်

တစ်ဖန် ဒူဘိုင်းတွင် ကျင်းပခဲ့သည့် အာရေဘီယန်းခရီးသွား ဈေးပွဲတော်၌လည်း မလေးရှားနိုင်ငံက ခရီးသွားဈေးကွက်လုပ်ငန်းဆုကို ရရှိခဲ့ကြောင်း မလေးရှား ခရီးသွားလုပ်ငန်း ဝန်ကြီး တန်ကူအက်ဒန်မန်ဆောက မေ၂ရက်က ပြောကြားသည်ဟု ဘာနာမာ သတင်းဌာနမှ ဖော်ပြသည်။

သင့်တင့်မျှတ

မလေးရှားနိုင်ငံသည် အာရပ်နှင့် အစ္စလာမ်ယဉ်ကျေးမှုကို လေးစားသော နိုင်ငံဖြစ်သည့်အပြင်အရှေ့တောင်အာရှတွင်ခရီးသွားလာရေးစရိတ်များသင့်တင့်မျှတသော နိုင်ငံလည်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

ထို့အပြင် မလေးရှားနိုင်ငံသည် အာရပ်နိုင်ငံများမှ အမျိုးသမီးများအတွက် ဈေးဝယ်ရာတွင် အဆင်ပြေကြောင်းလည်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်

စင်ကာပူ မေ ၅

စင်ကာပူနိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း စီးပွားရေး တိုးတက်ကောင်းမွန်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု ဆက်လက်မြင့်မားလျက်ရှိကြောင်း လူ့စွမ်းအားဝန်ကြီးဌာနက မေ၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

လျော့ကျ

ယခင်နှစ် အလားတူကာလက အလုပ်အကိုင် ၄၅၀၀၀ထိ လုပ်ကိုင်လျက်ရှိရာ ယခုကာလတွင် လုပ်ငန်း သစ် ၄၈၀၀၀ရှိလာကြောင်း၊ သို့သော် ၂၀၀၆ခုနှစ် စတုတ္ထလေးလ၌ အလုပ်အကိုင် ၅၁၅၀၀ရှိခဲ့သဖြင့် အနည်းငယ်လျော့ကျခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အဆိုပါ အလုပ်အကိုင်များတွင် ဝန်ဆောင်မှုပေးသည့်ကဏ္ဍ၌ ဝန်ထမ်း ၃၃၄၀၀၊ ထုတ်လုပ်ရေး အလုပ်သမား ၈၅၀၀နှင့်ဆောက်လုပ်ရေးအလုပ်သမား ၅၀၀တို့ကို အသီးသီး တိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။

စင်ကာပူနိုင်ငံတွင် ၂၀၀၆ခုနှစ်က အလုပ်အကိုင်နှင့် အလုပ်သမား ၁၇၃၃၀၀ရှိခဲ့ရာ ယခင်နှစ်များကထက် ၅၃ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်ပြည်မြောက်ပိုင်း၌ ကင်မင်းဆက်၏ အုတ်ဂူ ၄၁လုံးကို တူးဖော်တွေ့ရှိ

ရှီကျိုကျောင် မေ ၅

တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်ရှိ ရှီစီယန်ဒေသတွင် တရုတ်ရှေးဟောင်း သုတေသနပညာရှင်များက ကင်မင်းဆက်(၁၆၄၄-၁၉၁၁)၏ အုတ်ဂူ ၄၁လုံးကို တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

အများအားဖြင့် မင်းဆက်၏ အစောပိုင်းကျသော ယင်းဂူအုပ်စုလိုက်သည် ဧရိယာ စတုရန်း မီတာ၂၀၀၀ ခန့် ကျယ်ဝန်းကြောင်း၊ ယင်းပြည်နယ်ယဉ်ကျေးမှု အမွေအနှစ် သုတေသနတက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

တွေ့ရှိ

ကြေးဒင်္ဂါးအပြား၈၀၊ ကြွေအသုံးအဆောင် ၄၃မျိုး၊ ကြယ်သီး အမြောက်အမြားနှင့် လက်စွပ်များ အပါအဝင် ပစ္စည်း၁၃၅မျိုးကိုတွေ့ရှိခဲ့သည်ဆိုသည်။

သုတ်လိမ်း

ကြွေထည် အများစုသည် စဉ့်အနက်ရောင်နှင့် အညိုရောင်များ သုတ်လိမ်းထားကြောင်း တွေ့ရသည်။

ထုတ်လုပ်

ကြေးဒင်္ဂါး နှစ်စေ့သည် တန်မင်းဆက်(၆၁၈-၉၀၇) လက်ထက်က သွန်းလုပ်ခဲ့ပြီး အခြားနှစ်စေ့သည် ဆန်မင်းဆက် (၉၆၀-၁၂၇၉)လက်ထက်က ထုတ်လုပ်ခဲ့ကြောင်း ကနဦးတွေ့ရှိချက်များက ဖော်ညွှန်းနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်း၌ ပေါက်ကွဲမှုများဖြစ်ပွား အီရတ်ပြည်သူ ၁၁ဦးသေဆုံး

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏တောင်ဘက်ရှိ မြို့တစ်မြို့တွင် မေ ၂ရက်က ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် အီရတ်လူမျိုး၁၁ဦး သေဆုံးပြီး ၁၉ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော် ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲ

မက်မိုဒီရက်ချ်မြို့တွင် ကေအိုင်အေ မီနီဘတ်စ်တစ်စီးအတွင်း ဗုံးပေါက်ကွဲခဲ့သောကြောင့် ကားပေါ်ပါ ခရီးသည်ရှစ်ဦးသေဆုံးပြီး လေးဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

သီးခြားဖြစ်စဉ်တွင် ယင်းမြို့ လူနေရပ်ကွက်အတွင်းသို့ မော်တာကျည်ဆန် မြောက်မြားစွာ ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး သေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ထပ်လောင်း ပြောကြားသည်။

တည်ရှိ

မြို့တော်၏တောင်ဘက် ကီလိုမီတာ၃၀အကွာရှိ တိုက်ခိုက်ရေးသမားများ ကြီးစိုးရာ ယင်းမက်မိုဒီရက်ချ်မြို့သည် ဘဂ္ဂဒက်မြို့တော်နှင့် ယင်းမြို့၏တောင်ဘက် ကီလို မီတာ၁၀၀အကွာရှိ ဟီလာမြို့ကြီးသို့ ဆက်သွယ်ရာ ပင်မလမ်းမကြီးပေါ်တွင် တည်ရှိကြသော မြို့လေးများတွင် ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြင့်ဆုံး နှင်းရုပ်တု

ကမ္ဘာပေါ်တွင် အမြင့်ဆုံး နှင်းရုပ်တုတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း ဘီတယ်လ်မြို့တွင် နှင်းများဖြင့် ပြုလုပ်ထားသော လူရုပ်တု တစ်ခုမှာ အမြင့်ပေ၃၀ ခန့်ရှိရာကမ္ဘာပေါ်တွင် အမြင့်ဆုံး နှင်းရုပ်တုတစ်ခု ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



အရေပြား အရှည်ဆုံးလူသား

အရေပြားအရှည်ဆုံးလူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီး ယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် ဗြိတိန်နိုင်ငံသား ဂါရီတူနာက သူ၏ရင်ဘတ်မှ အရေပြားကို ဆွဲပြခဲ့ရာ ၆ ဒသမ ၂၅ လက်မရှိသဖြင့် ကမ္ဘာပေါ်တွင် အရေပြားအရှည်ဆုံး လူသား အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ် သဘာဝအသီးအနှံများ တိုးချဲ့စိုက်ပျိုး ပိုးသတ်ဆေးအသုံးပြုမှုများ လျှော့ချ

သတင်းဆောင်းပါး – မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့များ၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရန်သော် လည်းကောင်း ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည် စာတမ်းဖတ်ကြား ဆွေးနွေးစဉ်။

လက်ထောက် အထွေထွေမန်နေဂျာ ဒေါ်အေးမြင့်ဦး စာတမ်းဖတ်ကြား ဆွေးနွေးစဉ်။

ရောင်းချသူများအသင်းတို့ စုပေါင်းမှုဖြင့် ပထမအကြိမ် မြန်မာ့သစ်သီးဝလံ ဟင်းသီး ဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပေါင်းကူးသဖွယ်

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲကို နိုင်ငံတော်အတွင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု၊ သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ယင်းလုပ်ငန်း ဆောင်ရွက်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရန်သော် လည်းကောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့် ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာ

ကောက်နုတ်ဖော်ပြ

ယင်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၌ ဖိတ်ကြားထားသော စာတမ်းရှင်အချို့၏ စာတမ်းများကို ကောက်နုတ်ဖော်ပြ လိုက်ပါသည်။

ဈေးကွက်

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်က ဥယျာဉ်ခြံထွက်သီးနှံ ဈေးကွက်နှင့် စပ်လျဉ်း၍ ဆွေးနွေးရာ "သစ်သီးဝလံစိုက်ပျိုးသော တောင်သူများသည် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာ၌ မည်သည့်အချိန် စိုက်မလဲ၊ မည်သည့်အချိန် ဈေးကွက်တင်ပို့မလဲ တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးသော တောင်သူများသည် Market Information ကို နားလည်ဆောင်ရွက်ရန်လိုကြောင်း၊ တောင်သူများအနေဖြင့် ပိုးသတ်ဆေး အန္တရာယ်ကို သိရှိဆောင်ရွက်ရန်လိုကြောင်း၊ စားသုံးသူပြည်သူများ အနေဖြင့် သစ်သီးဝလံများကို ဝယ်ယူ စားသုံးရာတွင် လတ်ဆတ်ရန်နှင့် ဈေးနှုန်းချိုသာမှုကိုသာ အလေးထားကြကြောင်း၊ ယင်းသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေး အကြွင်းအကျန်များအန္တရာယ်ကိုဂရုစိုက်ရန်လိုကြောင်း" ပြောကြားသည်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲတွင် လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

စည်းကမ်းနှင့်အညီ

ထို့အပြင် "လုံခြုံဘေးကင်းသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှုနှင့် တင်ပို့ရောင်းချမှုများ အဆင့်ဆင့် ဆောင်ရွက်ရာတွင် တောင်သူလယ်သမား၊ ကုန်သည်နှင့် လက်လီရောင်းချသူများအားလုံး သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း" ဆက်လက်ပြောကြားသည်။

ဝယ်လိုအားကျဆင်း

တစ်ဖန် "တောင်သူများအနေဖြင့် ဈေးကွက်ဝယ်လိုအားရှိသော သီးနှံများကို ဝိုင်းစိုက်လျှင် ဝယ်လိုအားကျဆင်းနိုင်ကြောင်း၊ ဥပမာအားဖြင့် ကြက်သွန်ယခုနှစ်ဈေးကောင်းရနေသဖြင့် ဝိုင်းစိုက်နေလျှင် Supply များနေသဖြင့် ဝယ်လိုအားကျဆင်းနိုင်ကြောင်း၊ ဈေးကွက်အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်၍ စိုက်ပျိုးသင့်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် သစ်သီးဝလံများကို ဘယ်အချိန်စိုက်လျှင် ဈေးကောင်းရနိုင်မလဲ၊ ဘယ်ဒေသသို့ တင်ပို့လျှင် ဈေးကောင်းရမလဲ စသည့် Market Information ကို သိရှိထားရန်လိုကြောင်း" ဆက်လက်ဆွေးနွေးသည်။

ပြည်ပတင်ပို့မှု

ယင်းနောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်က မြန်မာ့သစ်သီးဝလံများ ပြည်ပတင်ပို့မှု အခြေအနေနှင့် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သိသင့်သိထိုက်သော အချက်များကို ရှင်းပြသည်။

ဖရဲသီး ကြီးကြီး ထွားထွား

ပထမဆုရ ဖရဲသီး။

ထိုးဖောက်နေ

"မြန်မာ့သစ်သီးဝလံများကိုတရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဓိကတင်ပို့ရောင်းချသော သစ်သီးဝလံများမှာနာနတ်၊သရက်၊ဖရဲ၊လိုက်ချီး၊ လိမ္မော်၊ ဆီး(ဇီး)သီးတို့ ဖြစ်ကြောင်း၊ ယင်းတို့ကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းတို့မှ တင်ပို့ရောင်းချနေကြောင်း၊ ယခုနှစ်တွင် မြန်မာ့သရက်သီးများ ပြည်ပဈေးကွက်သို့ ထိုးဖောက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ သစ်သီးဝလံများ ပြည်ပသို့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တင်ပို့လာနိုင်ကြောင်း" ပြောကြားသည်။

ပထမဆုရ မာလကာ

ပထမဆုရ ကီလို မာလကာသီး။

တိုးချဲ့တင်ပို့

မြန်မာနိုင်ငံတွင် သစ်သီးဝလံများ တင်ပို့နေသကဲ့သို့ အခြားနိုင်ငံများမှလည်း ပန်းသီး၊ သစ်တော်သီး၊ စပျစ်ချိုစသည့် သီးနှံခြောက်မျိုးကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ကုမ္ပဏီများအား တင်သွင်းခွင့်များပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်သစ်သီးဝလံများကို တင်ပို့ရောင်းချလျက်ရှိရာတွင် အခြားသောနိုင်ငံများကဲ့သို့ သတ်မှတ်လျာထားလျက် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တင်ပို့သွားရန်လိုကြောင်း ဆက်လက်ဆွေးနွေးသည်။

တစ်ဖန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းတက္ကသိုလ်မှ ဒေါက်တာ မြင့်လွင်က ဇီဝစိုက်ပျိုးရေးနည်းစနစ်ဖြင့် သဘာဝသစ်သီးဝလံများထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ "သစ်သီးဝလံများကို ဓာတုဆေးသုံး ဓာတ်မြေဩဇာများ အသုံးမပြုဘဲ သဘာဝက ဖန်တီးပေးသော မြေယာပြုပြင်ပေးခြင်းဖြင့် သဘာဝသီးနှံများဖြစ်ထွန်းစေရန် စိုက်ပျိုးသင့်ကြောင်း၊ ဇီဝမြေဩဇာဖြစ်သည့် အီးအမ်ဘိုကာရှိမြေဆွေးမြေဩဇာ၊ တီကောင်မှ ထုတ်သော မြေဩဇာများ အသုံးပြု၍ သီးနှံများ ထုတ်လုပ်သင့်ကြောင်း၊ သစ်တောများအတွင်းသဘာဝအလျောက်ဖြစ်ပေါ်ရရှိသော သဘာဝမြေဩဇာများဖန်တီး စိုက်ပျိုးသင့်ကြောင်း" ပြောကြားသည်။

ယင်းနောက် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနမှ လက်ထောက် အထွေထွေမန်နေဂျာ ဒေါ်အေးမြင့်ဦးက ပို့ကုန်အလားအလာရှိသည့် ပေါင်းလောင်းတောင်စောင်းမှ မြန်မာ့သဘာဝ ရွှေနီငှက်ပျောအကြောင်း ဆွေးနွေးတင်ပြရာ "မြန်မာ့ရွှေနီငှက်ပျောကို လွန်ခဲ့သော နှစ် ၅၀ ကျော်က စတင်စိုက်ပျိုးလာကြောင်း၊ ယခုအခါ ရွှေနီငှက်ပျောကို ပေါင်းလောင်းဒေသ တောင်စောင်းများတွင် အများအပြားစိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းငှက်ပျောမျိုးကို မအူပင် မလက်တို၌လည်း အဓိကစိုက်ပျိုးထုတ်လုပ်နေကြောင်း၊ ယင်းငှက်ပျောမျိုးများသည် အခြားငှက်ပျောနှင့် မတူဘဲ တောနက်စိမ့်စမ်းကောင်းသည့် တောင်စောင်းများတွင် ပေါက်ရောက်ဖြစ်ထွန်းနေကြောင်း၊ ယင်းငှက်ပျောမျိုးကို ပြည်တွင်းဈေးကွက် ဝယ်လိုအားကောင်းလာသဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ ယင်းငှက်ပျောသီးမှာ အခြားသော ငှက်ပျောသီးများကဲ့သို့ ဓာတုဆေး အကြွင်းအကျန် မရှိခြင်းကြောင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိကြောင်း၊ ယခုအခါ သဘာဝအလျောက် စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများကို အစာလည်းဆေး ဆေးလည်းအစာ အဖြစ် စားသုံးလာကြကြောင်း" စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

နာမည်ကျော် စိန်တလုံး သရက်သီးများ

စိန်တလုံး သရက် သီးများ။

သို့ဖြစ်၍ မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲမှသည် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို တောင်သူများအနေဖြင့် စိုက်ပျိုးလာရေး၊ နိုင်ငံတကာဈေးကွက်သို့ မြန်မာ့သစ်သီးဝလံများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရေး၊ အလားအလာရှိသောသစ်သီးဝလံများတိုးချဲ့စိုက်ပျိုးရေးစသည့်အကျိုးကျေးဇူးများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများရောတင်ပို့ရောင်းချသူများကပါ ဆက်လက်အကောင်အထည် ဖော်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယနေ့အချိန်အခါတွင် မည်သည့်ခေတ်နှင့်မျှမတူသည့် တည်ငြိမ်အေးချမ်းမှုရရှိနေ နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

တိုင်းရင်းသားအားလုံး နိုင်ငံတော်ဖွံ့ဖြိုးရေးလက်တွဲပူးပေါင်းဆောင်ရွက်နေ

နေပြည်တော် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၂၉ ရက် ညနေ ၆ နာရီက သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးချမ်းငြိမ်းအောင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အတွင်းရေးမှူး ဦးတင်မိုးနိုင်၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အထွေထွေအတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် ဒို့တာဝန် အရေးသုံးပါကို ခံယူပြီး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု အင်အားစုသုံးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသား များ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည် မြင့်မားရေးတို့ကို ဒေသနယ်မြေအလိုက်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ကြသည်နှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် မည်သည့်ခေတ်အခါနှင့်မှ မတူသည့် တည်ငြိမ်အေးချမ်းမှုကို ရရှိနေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ ကျေးလက်ဒေသနေ ပြည်သူများ၏ အကျိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်း အဖွဲ့ဝင်များသည် ပြည်သူလူထုကြားမှ ပေါ်ထွက်လာသော ပြည်သူများ ဖြစ်ကြကြောင်း၊ မိမိတို့ဒေသရှိ လူထုအကျိုးနယ်မြေအကျိုးရှိသည့် လုပ်ငန်းများကို လူထုနှင့်အတူ လက်တွဲ ဆောင်ရွက်လျက် ရှိကြောင်း၊ ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်မြင့်နှင့် အလုပ်အမှုဆောင် ဦးနန္ဒကျော်စွာတို့က ဆောင်ရွက်လျက်ရှိသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တင်ပြကြပြီး အထွေထွေအတွင်းရေးမှူးက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ပြင်ဦးလွင်မြို့ နန္ဒာလမ်း ပြင်ဦးလွင်ပျိုးဥယျာဉ်နေ ဦးဆွေမြင့်-ဒေါ်စမ်းစမ်းရီမိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံရယူပြီး ကျောင်းဖြစ်မြောက်ရေး အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ အဆင့်မြင့်စက်ရုံဖြစ် အဆင့်မီကုန်ပစ္စည်းများထွက်ရှိရေး ပေါင်းစပ်ဆောင်ရွက်

ကုန်ထုတ်လုပ်မှု မြင့်မားစေရန် စနစ်တကျစီမံ

နေပြည်တော် မေ ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂ ရက် ညနေပိုင်းက မကွေးတိုင်း ပွင့်ဖြူမြို့နယ်ရှိ မြန်မာ့အထည် အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူတို့နှင့် တွေ့ဆုံရာ စက်ရုံမှူး ဦးအောင်ကျော်ဦးက စက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုနှင့် ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးလှထွန်းက ကုန်ကြမ်းရရှိမှု အခြေအနေများကို တင်ပြဆွေးနွေးသည်။

ဂုဏ်ပြုဆုငွေများပေး

ထို့နောက် ဝန်ကြီးက ပွင့်ဖြူ ချည်မျှင်နှင့်အထည် စက်ရုံသည် အဆင့်မြင့်စက်ရုံကြီး ဖြစ်သည်နှင့်အညီ အဆင့်မီ ကုန်ပစ္စည်းများထွက်ရှိရန်အတွက် တာဝန်ရှိသူ အသီးသီးက ပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု မြင့်မားစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် လူ့စွမ်းအား၊ စက်စွမ်းအားများကို မိမိတို့ကျရာတာဝန်အလိုက် စိတ်ပါဝင်စားစွာ မိမိကိုယ်ပိုင် အသိစိတ်ဓာတ်ဖြင့် ဘက်ပေါင်းစုံမှ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)မှ သတ်မှတ်ထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်နိုင်သော ကျွမ်းကျင်ဝန်ထမ်း၊ချည်ငင်စက်မောင်း ခုနစ်ဦးနှင့် ရက်ကန်းစက်မောင်း ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် မေ ၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပွင့်ဖြူမြို့နယ် ရှင်ပင်ရွှေပြည်အေး ဘုရားဝင်းရှိ စက်မှု(၁) အထူးဈေးရောင်းပွဲတော်သို့ရောက်ရှိပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ လုပ်ငန်းဌာန ခြောက်ခုတို့မှ ထုတ်လုပ်ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် စက်ရုံ(ချောက်)သို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စက္ကူ နှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွှန့်အောင်နှင့်တာဝန်ရှိသူတို့က စက်ရုံအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း ဆိပ်ဖြူမြို့ရှိ ဝင်းသူဇာ အရောင်းဆိုင် (ဆိပ်ဖြူ)သို့ ရောက်ရှိပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာန ခြောက်ခုတို့မှ ထုတ်လုပ်ရောင်းချလျက်ရှိသော ကြွေထည်ပစ္စည်းများ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းအမျိုးမျိုး၊ ထီး၊ ဖိနပ်၊ စက်ဘီးနှင့်အပ်ချုပ်စက်များ ရောင်းချမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများအထိ သွားရောက်၍ ဈေးကားများဖြင့် ရောင်းချမှုများပြုလုပ်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း သစ်ဆိမ့်ဆီစက်ရုံ(ဆိပ်ဖြူ)သို့ ရောက်ရှိ၍ သစ်ဆိမ့်ဆီထုတ်လုပ်မှုဌာန၌ သစ်ဆိမ့်ဆီ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ သစ်ဆိမ့်ဆီပုလင်းသွင်းဌာန၏ ပုလင်းသွင်းနေမှုအခြေ အနေကိုလည်းကောင်း၊ သစ်ဆိမ့် ခွဲစက်၌ သစ်ဆိမ့်သီးများခွဲစိတ်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့စားသောက် ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရန် အတွက် စက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဖေဖေ့ရဲ့ချစ်ရသူ**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
- ၄:၃၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၃၅ ၅။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၁၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသသတင်း
- ၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ Arsenal Vs Chelsea (Live)

ပေးအပ်လှူဒါန်း

ဧပြီ ၂၉ ရက်က လှိုင်မြို့နယ် အမှတ် (၅) ရပ်ကွက် အေးရိပ်မွန်အိမ်ရာ အပိုင်း(၁) တိုက်သာယာရေးကော်မတီက ကြီးမှူး၍ ရပ်ကွက်အတွင်း အသက် (၇၅) နှစ်အထက်ရှိ ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်စိုးလွင်က ကန်တော့အလှူငွေအဖြစ် အဘိုး၊အဘွား တစ်ဦးလျှင် ငွေကျပ်ရှစ်ထောင်စီ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

လာလီဂါဖလားကို မျှော်မှန်းနေသည့် ရီးရဲမက်ဒရစ်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် မေ ၅

စပိန်လာလီဂါပွဲစဉ် ၃၂ ကစားပြီး ချိန်အထိ မည်သည့်အသင်းဖိုလ်စွဲမည်ကို တပ်အပ်သေချာ မခန့်မှန်းနိုင်သေးသည်ဖြစ်ရာ လာလီဂါ၌ ထိပ်ဆုံးသုံးသင်းဖြစ်သော ဘာစီလိုနာ၊ အက်စ်စီဆီဗီလာနှင့် ရီးရဲမက်ဒရစ်တို့ ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိနေဆဲပင် ဖြစ်သည်။

ကြိုးစား

လာလီဂါ၌ နာမည်ကြီး ရီးရဲမက်ဒရစ်တို့လည်း ယခုနှစ် လာလီဂါဖလားကို မျှော်မှန်းနေလျက်ရှိရာ လောလောဆယ်တွင် ထိပ်ဆုံးမှ ဘာစီလိုနာနှင့် ပွဲတူနှစ်မှတ်သာ ကွာခြားနေသဖြင့် ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လို အစွမ်းကုန်ကြိုးစားနေပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်တွင် နစ္စတယ်ရွိုင်း၊ ရာအူးလ်၊ ကင်နာဗာရို၊ ရာမို့စ်နှင့် အီမာဆင်တို့က အမာခံဘောလုံးသမားများအဖြစ် ပွဲတိုင်းပါဝင်ကစားလျက်ရှိနေသည်။ လက်ရှိအချိန်၌ လာလီဂါတွင် ရီးရဲမက်ဒရစ်အတွက် ပွဲအများဆုံးကစားပေးထားသူ နစ္စတယ်ရွိုင်းမှာ ပွဲပေါင်း ၃၀ ကစားပေးထားပြီး ၁၈ဂိုး သွင်းထားနိုင်သူဖြစ်သည်။

ကံကောင်း

ရီးရဲမက်ဒရစ်အနေဖြင့် ယခုနှစ် ဘာစီလိုနာထံမှ လာလီဂါဖလားကို ရအောင်ယူရေးကြိုးစားရာတွင် အမာခံဘောလုံးသမားများ ထိခိုက်ဒဏ်ရာရရှိမှု လောလောဆယ် မရှိသည်မှာ ကံကောင်းနေသည်။

ရီးရဲမက်ဒရစ်တွင် ဒေးဗစ်ဘက်ဟမ်း ခြေထောက်ဒဏ်ရာ ရရှိထားမှုမှာလည်း ပြန်လည်ကောင်းမွန်လာနေပြီဖြစ်သဖြင့် လက်ကျန်ပွဲများ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ထို့အတူ ရာအူးလ်၊ ရော်ဘင်ဟို၊ ဂူတီနှင့် ကားလို့စ်တို့က လည်း အသင်းအတွက် စွမ်းအားပြည့် ပေးစွမ်းနိုင်မည့် အနေအထားရှိသဖြင့် နည်းပြ ကာပယ်လို၏ မျှော်လင့်ချက်လည်း ပြည့်မြောက်သွားနိုင်လေသည်။

ကွာခြားမှုမရှိ

ထိပ်ဆုံးမှ လာလီဂါ လက်ရှိ ချန်ပီယံ ဘာစီလိုနာနှင့် နှိုင်းယှဉ်လျှင် ယခုအချိန်အထိ လာလီဂါ၌ ဘာစီလိုနာတို့ ၃၂ ပွဲကစား ၁၈ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်များ ရရှိထားသလို ရီးရဲမက်ဒရစ်ကလည်း ၃၂ပွဲကစား ၁၈ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးထားသော မှတ်တမ်းရှိနေရာ ကွာခြားမှုမရှိချေ။

ဘာစီလိုနာနှင့် ကွာခြားမှုရှိသည်မှာ ယခုနှစ် လာလီဂါပွဲစဉ်များတွင် အိမ်ကွင်း၌ ဘာစီလိုနာတို့ ရှုံးပွဲတစ်ပွဲမျှ မရှိခြင်းပင် ဖြစ်သည်။ ရီးရဲမက်ဒရစ်မှာ အိမ်ကွင်းသုံးပွဲရှုံးထားသည်။ ထို့အတူ အိမ်ကွင်း၌ လေးပွဲသရေကျထားမှုကလည်းရှိသည်။

ရီးရဲမက်ဒရစ်အသင်းသားများ ဤကဲ့သို့ အောင်ပွဲခံနိုင်မည်လော။ (ဓာတ်ပုံ-အင်တာနက်)

သွင်းထားနိုင်

သို့သော် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ ပေးဂိုးများမှာ ၃၂ပွဲကစားပြီးချိန်တွင် ၂၉ ဂိုးစီရှိနေရာ ပေးဂိုးတူနေသည်။ သွင်းဂိုးတွင် ဘာစီလိုနာ တိုက်စစ်မှူးများက ၃၂ပွဲကစား ၆၁ဂိုး သွင်းထားသလို ရီးရဲမက်ဒရစ်တို့က ၃၂ပွဲကစား ၄၈ဂိုးသွင်းထားနိုင်သည်။

ယခုနှစ် လာလီဂါ၌ ရီးရဲမက်ဒရစ်တို့ ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့သော ပွဲများမှာ အဝေးကွင်း၌ လီဗန်တေးကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အိုဆာဆူနာကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နောက်ဆုံးကစားခဲ့သည့် ဧပြီ ၂၉ရက်က အဝေးကွင်း၌ ဘီလ်ဘာအိုကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သော ပွဲများဖြစ်သည်။

ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုအနေဖြင့် ရီးရဲမက်ဒရစ်တွင် အသင်းစည်းလုံးညီညွတ်မှုအားကို ယခုထက်ပိုမိုဖော်ထုတ်ပေးနိုင်လျှင် ကမ္ဘာကျော်ဘောလုံးသမားများနှင့် ဖွဲ့စည်းထားသော ရီးရဲမက်ဒရစ်တို့၏ အိပ်မက်အကောင်အထည် ပေါ်သွားနိုင်မည်ဖြစ်သည်။

ကစားရမည်

ရီးရဲမက်ဒရစ်သည် ယခုနှစ် လာလီဂါ၌ လက်ကျန်ပွဲ ခြောက်ပွဲကစားရန်ရှိနေပြီး အိမ်ကွင်း၌ အက်စ်စီဆီဗီလာ၊ အက်စ်ပန်းညို၊ ဒီပို့တီဗိုနှင့် မာလော့ကာတို့နှင့် ကစားရမည့်ပွဲများဖြစ်ပြီး အဝေးကွင်း၌ ရီးရဲဇာရာဂိုဇာနှင့် ရီခရီးယေးတီဗိုအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်၏ နောက်ဆုံး အဝေးကွင်းငါးပွဲရလဒ်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရှိနေပြီး အိမ်ကွင်းငါးပွဲ၌မူ ရှုံးပွဲမရှိချေ။ ရီးရဲမက်ဒရစ်တို့ အဝေးကွင်းပွဲစဉ်များကို နိုင်ပွဲရအောင်ကစားနိုင်လျှင် လာလီဂါဖလားကို မှန်းနိုင်လေသည်။ အဝေးကွင်းပွဲစဉ်များမှာ ပွဲကျပ်များပါရှိသော်လည်း ဘာစီလိုနာတို့၏ တစ်ချက်အမှားကို အပြည့်အဝအသုံးချနိုင်လျှင် ရီးရဲမက်ဒရစ်တို့ လာလီဂါ၌ အခြေအနေ ကောင်းနိုင်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒို အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးပြန်ပြီ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မေ ၅

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် ချယ်လ်ဆီးအသင်းမှ ဒရော့ဘာကို ကျော်ဖြတ်လျက် အားကစားကလောင်ရှင်များ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးလိုက်ပြန်ပြီ ဖြစ်သည်။

အသက် (၂၂) နှစ်ရှိ ပေါ်တူဂီလက်ရွေးစင်အသင်းမှ စီရိုနယ်ဒိုသည် အကောင်းဆုံး ကြေးစားဘောလုံးသမားဆုများ ဆွတ်ခူးခဲ့ပြီးနောက် ယခုတစ်ဖန် အားကစားကလောင်ရှင်များ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုက်တန်စွာဆွတ်ခူး

စီရိုနယ်ဒိုသည် ယင်း အကောင်းဆုံးဆုကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အာကစားကလောင်ရှင်များ ဥက္ကဋ္ဌ ပေါလ်ဟီတာရင်တန်က ပြောကြားသည်။

စီရိုနယ်ဒို၏ ကစားဖော်များဖြစ်သည့် ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးလ်တို့သည်လည်း အဆိုပါ အကောင်းဆုံးဆု ရွေးချယ်ရာတွင် ဒုတိယနှင့် တတိယ အကောင်းဆုံးဆုများ ရရှိသူများအဖြစ် သက်မှတ်ခံရသည်။

အကောင်းဆုံးဘောလုံးသမားဆုရ စီရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

စွမ်းဆောင်ပေးခဲ့

စီရိုနယ်ဒိုသည် မန်ချက်စတာယူနိုက်တက်အသင်းကို ယခုနှစ်ဘောလုံးရာသီတွင် အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ပြန်ရောက်အောင် စွမ်းဆောင်ပေးခဲ့သူ ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလား ဆွတ်ခူးရန် အလားအလာကောင်းနေသော အသင်းဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ် စာချုပ်သစ် ထပ်မံချုပ်ဆိုလိုကြောင်း ပြောကြား



စတီဗင်ဂျရတ်

စတီဗင်ဂျရတ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၅

လီဗာပူးအသင်း ခေါင်းဆောင် စတီဗင်ဂျရတ်က ၎င်း၏ ကျန်ရှိနေသေးသော ဘောလုံးသမားဘဝကို အင်န်ဖီးလ်၌သာ ကစားလိုကြောင်း၊ လီဗာပူးနှင့် စာချုပ်သစ် ချုပ်ဆိုလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဆွေးနွေးမည်

ဂျရတ်က လီဗာပူးတွင် ကာရေဂါ၊ အလွန်ဆို၊ လူးဝစ်ဂါစီယာ၊ ဂျို့စ်ရေနာ၊ စတိဗ်ဖင်နန်နှင့် အဂ္ဂါတို့ကဲ့သို့ စာချုပ်သစ်များ ချုပ်ဆိုရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

ပြောကြား

မိမိအနေဖြင့် စာချုပ်သစ်ကိစ္စကို ဆွေးနွေးလိုကြောင်း၊ လီဗာပူးတွင် မိမိမပါလျှင် မည်သည့်အခါမျှ ပျော်စရာကောင်းမည်မဟုတ်ကြောင်း ပြောကြားသည်။

ချန်ပီယံလိဂ် ဖိုလ်လုပွဲပြီးလျှင် ဂျရတ်နှင့် လီဗာပူးတို့ စာချုပ်သစ်ချုပ်ဆိုရေးကိစ္စကို ဆွေးနွေးနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း အသင်းမန်နေဂျာဘင်နီတက်ဇ်က ပြောကြားသည်။

လီဗာပူးအသင်း ချန်ပီယံလိဂ် ဖိုလ်လုပွဲသို့ ရောက်ရှိခဲ့ပြီးနောက် ဂျရတ်သည် တစ်ပတ်လုပ်ခ လစာပေါင် ၁၂၀၀၀၀ ဖြင့် အနည်းဆုံး လေးနှစ်စာချုပ်ရန် မျှော်လင့်ထားသည်။

မိမိတို့ လီဗာပူးအသင်းသည် လာမည့် မေ ၂၃ရက်၌ ကစားမည့် ချန်ပီယံလိဂ်ဖိုလ်လုပွဲတွင် အေစီမီလန်အသင်းကို အနိုင်ယူပြီး ဖလားပိုက်၍ ပြန်လာမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ချယ်လ်ဆီးရောက် အာဆင်နယ် နောက်တန်းကစားသမားဟောင်း အက်ရှ်လေကိုးလ်အား အာဆင်နယ်ပရိသတ်များအနေဖြင့် တစ်ချိန်က အာဆင်နယ်အသင်းကို အောင်မြင်မှုများရအောင် ကြိုးစားပေးခဲ့၍ လေးစားကြရန် နည်းပြဝင်းဂါးက တိုက်တွန်းလိုက်သည်။**

* ဖီအိုရင်တီးနားတိုက်စစ်မှူး လူကာတိုနီအား ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားမှုရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

* **ရီးရဲမက်ဒရစ်အသင်းသည် မေ ၆ ရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အနိုင်ရခဲ့လျှင် ရီးရဲမက်ဒရစ်တို့ ရမှတ် ၆၃မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိလာနိုင်သည်။**

* အင်္ဂလန်နည်းပြ မက်ကလာရင်က ခေါ်လာ ၁၇သန်းတန် မိုက်ကယ်အိုဝင်အား ယခုလကုန်ပိုင်းတွင်ကစားမည့် လက်ရွေးစင်(ခ)သင်း၌ ပါဝင်ကစားမည်လားဟု မေးမြန်းလာခြင်းကို နယူးကာဆယ်နည်းပြ ဂလင်းရိုဒါက မကစားသင့်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ **(အင်တာနက်)**

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၁၀၄ နေ
ဦးသန်းထွန်းချိန်(ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊ဘခရ)–ဒေါ်တင်တင်
တို့၏တစ်ဦးတည်းသောသား

မောင်တင်အောင်ထွန်း B.Sc(Maths), Chief Mate(F.G)
Second Officer, Eastwind Shipmanagement Pte.,Ltd.(Singapore)

နှင့်

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြဝတ်ရည်လမ်း၊ အမှတ်၁၀နေ
ဦးစံအောင်(Senior Licensed Surveyor) (Y.C.D.C)–ဒေါ်တင်တင်မြင့်
တို့၏သမီးထွေး

မခင်ကလျာအောင် B.Sc (Zoology)
Myanmar VES Gems & Jewelry Co., Ltd.

တို့သည် မိဘတို့ဝတ္တရားရှိသည်နှင့်အညီ လက်ထပ်ထိမ်းမြားပြီးဖြစ်ပါ၍ ၅–၅–၂၀၀၇ရက် Park Royal Hotel တွင် ပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးများ၊ သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်အောင်ထွန်း–မခင်ကလျာအောင်။

ကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာစက်မှုဇုန်အတွင်း စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေနေရာချထားပေး၍ လုပ်ငန်းများလုပ်ကိုင်စေခဲ့ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းရှင်များအနေဖြင့် ရယူထားသော မြေကွက်ပေါ်တွင် လုပ်ငန်းများမလုပ်ကိုင်သည့်အတွက် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂ရက်မှစ၍ ပထမအကြိမ် ၄၅ရက်၊ ဒုတိယအကြိမ် ၄၅ရက် ရက်ပေါင်း ၉၀ သတိပေးနိုးဆော်ခဲ့သော်လည်း လုပ်ကိုင်ခြင်းမရှိသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ပါ၍ ၂၀၀၇ခုနှစ် မေ ၁၅ရက်မှစပြီး လိုက်လံစစ်ဆေး၍ လိုက်နာလုပ်ကိုင်ခြင်းမရှိသောသူများအား မြေနေရာချထားစဉ် စာချုပ်ပါ စည်းကမ်းနှင့်အညီ ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

အေးသာယာစက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဖုန်း–၀၈၁–၂၁၀၀၉
အတွင်းရေးမှူး ဖုန်း–၀၈၁–၂၇၆၆၂၊ ၀၉–၅၂၁၁၃၈၄
အေးသာယာစက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ တောင်ကြီးမြို့။

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ စာရင်းကိုင်	(ကျား)	– (၇)ဦး
၂။ စာရင်းကိုင်	(မ)	– (၇)ဦး
၃။ ကွန်ပျူတာကျွမ်းကျင်	(မ)	– (၃)ဦး
၄။ အုပ်ချုပ်စီမံ	(မ)	– (၃)ဦး
၅။ ဒရိုင်ဘာ	(ကျား)	– (၃)ဦး

စာရင်းကိုင်နှင့် ကွန်ပျူတာလျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ပါရှိရမည်။

လိပ်စာ – တိုက်အမှတ် (၂၇၂)၊ အခန်း ၈၀၁၊ နေလှိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း–၅၀၅၅၆၈၊ ၅၃၄၂၃၇၊ ၅၁၆၆၀၀။

ကျေးဇူး ဆပ်ပါမည်
ကျွန်မ မအေးအေးမြင့် P/P 748316 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **အမှတ် ၄၁၈၊ ရှုပလမ်း ၄/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။**

အမည် ပြောင်း
ရေဝတီတိုင်း လေးမျက်နှာမြို့နယ် စမ်းကြီးရွာနေ အဖဦးကျော်ထွန်း ၁၄/လမန(နိုင်)၀၆၁၈၈၃ ၏သား မောင်အောင်မိုးဆွေအား မောင်ကောင်းဝင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့၌ရေလွှမ်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းအတွင်း မေ၄ရက် မွန်းလွဲပိုင်းမှ ၅ရက်နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့နယ်အချို့ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ပန်းဘဲတန်း၊ အလုံ၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ လှိုင်သာယာ၊မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သန်လျင်၊ တိုက်ကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)၊ လှည်းကူး စသည့်မြို့နယ်များ၌ ရေနစ်ပေ၊သုံးပေအထိ ရေမြင့်တက်ခဲ့ခြင်း၊ အုတ်တံတိုင်းနှင့် သစ်ပင်အချို့ပြိုလဲခြင်း၊ နေအိမ်ကြမ်းပြင်အထိ ရေဝင်ရောက်ခြင်း၊ အိမ်အချို့ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ထို့အပြင် အလုံမြို့နယ် သစ်တောလမ်းရှိ အိမ်တစ်အိမ်၌ မေ၅ရက်နံနက်ပိုင်းတွင် နေအိမ်အတွင်း ရေများဝင်ရောက်ရာမှ လျှပ်စစ်မီးအားမြင့်စက်ဝါယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းခဲ့သဖြင့် လူလေးဦး မီးခိုးမွန်းကာ သေဆုံးခဲ့ကြောင်း၊ အလုံမြို့နယ် ရေဝတီလမ်းရှိ အိမ်တစ်အိမ်မှ အမျိုးသမီးကြီးတစ်ဦးသည် နေအိမ်တံခါးဖွင့်၍ အိမ်ရှေ့သို့ထွက်စဉ် လမ်းမီးဓာတ်ကြိုးပြတ်ကျနေသည်ကိုတက်နင်းမိပြီး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ကျပ်သိန်း၁၀၀လှူဒါန်း

ရန်ကုန် မေ ၅

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ဒေါက်တာဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုပ်ကုမ္ပဏီမိသားစုတို့မှ အလှူငွေကျပ်သိန်း၁၀၀လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါ အတွင်းလူနာ(ကင်ဆာ)ဗဟိုဧည့်ခန်းမ၌ကျင်းပရာ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)၊ ဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီးမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်၊ အလှူရှင် ဒေါက်တာဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုပ်ကုမ္ပဏီမိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)ထံ မိခင်ကြီးဒေါ်စန်းရီအား အမှူးထား၍ ဒေါက်တာဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုပ်ကုမ္ပဏီ မိသားစုများက လှူဒါန်းငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

လိုက်လံကြည့်ရှု

ထို့နောက် နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူရှင်များသည် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းမှ ဖွင့်လှစ်ထားရှိသော အတွင်းလူနာ(ကင်ဆာ)ဗဟိုအတွင်း ကုသမှုခံယူလျက်ရှိသော လူနာများအား လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် မေ ၅

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ပျားစည်အုပ်စုရွာဘုန်းတော်ကြီးကျောင်းတွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ၏ ဩဝါဒခံယူလျက် တပည့်စာသင်စာချ တရားပြသံဃာတော်အရှင်မြတ်တို့ ကြီးမှူးကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၅ရက်မှစ၍ ငါးရက်တိုင်ကျင်းပလျက်ရှိရာ ပင့်သံဃာ၂၄ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုဆက်ကပ်နိုင်ကြောင်းနှင့် ပဋ္ဌာန်းအောင်ပွဲ မဏ္ဍပ်သဘင်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး သံဃတက္ကသိုလ်ကျောင်းတိုက်မှ အသျှင်သီရိ (ဓမ္မာစရိယ B.E.T) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

မေ ၁ရက်က တွံတေးမြို့နယ် ကျွန်းသက်ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာဓမ္မာရုံ၌ မြန်မာနိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရာ ရန်ကုန်တောင်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြသန်းက ကြီးကြပ်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးမြင့်သိန်းဌေးက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၉ဦးအား နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးစဉ်။ (က–ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကင်ညာလေယာဉ် ကင်မရွန်း၌ပျက်ကျ

နိုင်ရိုဘီ မေ ၅

ခရီးသည် ၁၁၄ဦးလိုက်ပါလာသော ကင်ညာလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် မေ၅ရက်က ကင်မရွန်းတောင်ပိုင်း၌ ပျက်ကျသွားကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

အဆိုပါ လေယာဉ်သည် အိုင်ဗရီကို့စ်မှ ကင်ညာနိုင်ငံသို့ထွက်ခွာလာရာ ကင်မရွန်းတောင်ပိုင်း ဒေါလတ်အရပ်အရောက်တွင် ထိန်းချုပ်ရေးမျှော်စင်မှ ပျောက်ကွယ်သွားကြောင်း၊ အပျက်အစီးများကို လိုက်လံရှာဖွေနေဆဲဖြစ်ကြောင်း လေကြောင်းတာဝန်ရှိသူများကပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် နိုင်ငံ၂၃နိုင်ငံမှလူမျိုးများပါဝင်ကြောင်း၊ ဗြိတိသျှငါးဦးပါဝင်ကြောင်း သိရသည်။

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၃၆၀ ရှိသွားပြီဖြစ်

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံတွင် ကြာသပတေးနေ့က သူပုန်များ၏တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ကြေညာသည်။ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် သူပုန်တို့တိုက်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရသွားသည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၃၆၀ရှိသွားပြီဖြစ်ကြောင်း ဖော်ပြသည်။

ညောင်ရေသွန်းပွဲနှင့် စေတီပန်းတင်ခုံအတွက် အလှူငွေပေးအပ်

ဟသ်ာတ မေ ၃

ဟသ်ာတမြို့ ရှေးဟောင်းသမိုင်းဝင် မြို့သူကြီးစေတီတွင် မဟာဗောဓိပင်စိုက်ထူပူဇော်ပွဲ၊ ညောင်ရေသွန်းပွဲတော်နှင့် စေတီတော်ပန်းတင်ခုံအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က အဆိုပါဘုရားကြီးဝင်း မှော်ရုံတွင် ကျင်းပသည်။

အဆိုပါဗုဒ္ဓဂယာမှ ပင့်ဆောင်စိုက်ပျိုးထားသော မဟာဗောဓိပင်ကို မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မေဃဝတီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသနှင့် ဆရာတော်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်နှင့်အဖွဲ့ဝင်များ၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက မေဃဝတီ ကျောင်းတိုက်မှ ပင့်ဆောင်၍ မြို့သူကြီး စေတီတော်ဝင်းထိပ်တွင် စိုက်ပျိုးပူဇော် ကြသည်။

ရေစက်ချ

ထို့နောက် နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ မေဃဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ ထံမှ ကိုးပါးသီလခံယူကြကာ စေတီတော်ပန်းတင်ခုံအတွက် လှူဒါန်းငွေကျပ် ၁၀ သိန်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်ကို အလှူရှင် နေနတ်သားလက်ဖက်ခြောက်နှင့် ကွမ်းရောင်းဝယ်ရေးမှ ဦးလှကြည် (သုဓမ္မသီဂိ)–ဒေါ်အေးရီတို့က ပေးအပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပြည်သူများက မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်းကြသည်။ **(၁၆၁)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်ရှိဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်မန္တလေးမြို့ ဒေးဝန်းအရှေ့ ၃၅ (အေ) လမ်း ၈၉/၉၀ ကြားနေ မိခင်ကြီး ဒေါ်အေးတင့် အား ရည်စူး၍ ခင်ပွန်း ဦးချစ်တီး၊ သားကြီး ဦးတင်မောင်ဝင်း၊ သမီးကြီး ဒေါ်မြင့်မြင့်ခင် မိသားစုတို့က အလှူငွေကျပ် သုံးသိန်းကို ဧပြီ ၂၉ ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကြေးပိဋကတ်ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၅

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် နှစ်ကျမ်းမြောက် ဝိဘင်္ဂပါဠိတော်ကျမ်းအတွက်ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံသို့ ကြည့်မြင်တိုင် အိုးဘိုလမ်း အမှတ် (၆၉) နေ (ဦးတိုက်စိုး)– ဒေါ်မြကြည်၊ သား ဒေါက်တာ ငွေးလှိုင်စိုး၊ ဒေါက်တာ မြင့်ကြိုင်စိုး–ဒေါ်ဝေဝေသန်း၊ ဘုန်းကြီးလမ်း လမ်းသစ်ရိပ်သာတိုက်(၃) အခန်း ၁၅နေ ဒေါ်မြနု၊ မြေး သန့်ထူးမောင်၊ ၉၁လမ်း အမှတ် (၁၁၆)နေ ဦးခင်မောင်မြင့်– ဒေါ်ခင်စိုးမြင့်၊ ၄၄လမ်း အမှတ် (၇၆)နေ မောင်အောင်ထင်ဟိန်း (၂၂ နှစ်ပြည့်) မွေးနေ့၊ စမ်းချောင်း ကျွန်းတောလမ်း၊ အမှတ်(၂၃)နေ ဖခင် ဦးလင်ဒင်ကိုင်နှင့် မိခင် ဒေါ်ကြင်ပုအား ရည်စူး၍ သမီး မမျိုးမျိုးခိုင် (ကီကီမြန်မာ)နှင့် (မျိုးတင့်ဇော်ကုမ္ပဏီ) သား ကိုတင်ဝင်း–မနီနီဝင်း၊ မြေး မောင်ဖြိုးဟိန်း၊ မောင်ဝင်းဖြိုး၊ သား မောင်ကိုဇော်ဝင်း၊ ၉၁ လမ်း အမှတ် (၁၁၆)နေ ကိုကျော်ကျော်မိုး– မဝင်းပပ၊ သား မောင်သီဟန်အောင် တောင်ဥက္ကလာ (၆)ရပ်ကွက် ကေတုမတီ ၁၈လမ်း၊ အမှတ် (၅၄၉/က)နေ ဦးမော်မော်သိန်း – ဒေါ်အေးအေးမာ၊ သမီး မနေခြည်မြတ်နိုး မွေးနေ့၊ သမိုင်း မင်းကျောင်းလမ်းအမှတ်(၇)နေ မခိုင်ခိုင် (၂၆နှစ်ပြည့်) မွေးနေ့၊ တောင်ဥက္ကလာ (၁၃)ရပ်ကွက် ကောလိယလမ်း အမှတ် (၂၇၀)နေဦးသိန်း–ဒေါ်ကော်၊ကောလိယလမ်းအမှတ်(၂၅၇)နေ ဦးတင်အောင်လွင်–ဒေါ်ယုယုသိန်း၊ မောင်နိုင်အောင်သူ၊ မောင်ဖွဲ့လွင်ထူး၊ ကောလိယလမ်း အမှတ်(၂၇၀)နေ ဦးအောင်မျိုးသိန်း–မကျော့ကျော့ခိုင်၊ သား ကောင်းကုဋေသိန်း၊ဦးဇာနည်သိန်း–မစောမင်းမင်းစိုး၊ သား ဇာနည်လင်းထွဋ်၊ သာကေတ ၁၀ တောင်ရပ်ကွက် ဓမ္မာရုံလမ်း အမှတ် (၈၃၇) နေ ဦးသောင်း–ဒေါ်သန်းတင်၊ ဒေါ်စိန်မြိုင်၊ ဦးထွန်းရီ၊ မောင်မြင့်ဆွေဦး–မလင်းလင်းလှိုင်၊ မဆွေလဲ့နန္ဒာ၊ မောင်ရဲမာန်အောင်–မခင်သန္တာ၊ ဦးအုန်းမြ–ဒေါ်တင်မြကို ရည်စူး၍ ဒေါ်ခင်နှင်းမြ (အထက ၂ အင်းစိန်)၊ ဦးမောင်မောင်စိန်–ဒေါ်လှလှရီတို့အား ရည်စူး၍ သမီး ဒေါ်ညိုညိုစိန် (အထက ၂ အင်းစိန်)၊ (အထက ၂) အင်းစိန်မှ ဆရာမ ဒေါ်ခင်နှင်းဦး၊ ဒေါ်သန်းရီ၊ ဒေါ်ယဉ်ယဉ်မြ၊ ဒေါ်ခိုင်ညိုဦး၊ ဒေါ်မြင့်မြင့်သင်း၊ ဒေါ်သွန့်ကြည်၊ ဒေါ်ရွှေစင်ဦး၊ ဒေါ်မြင့်မြင့်ခိုင်တို့က ကြေးပြား တစ်ချပ်စီ အသီးသီး လာရောက် လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၅၀၀၀ဖြင့် ဖုန်း–၅၄၈၈၀၅၊ ၀၉–၅၁–၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တစိန္တိတနှင့် ဘဒ္ဒန္တကုမာရ(သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)တို့က ရွှေမင်းဝံ ၄ကွက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းကို မေ ၁၆ရက်မှ ၂၂ ရက်အထိ စတုဘုမ္မိက သာသနာ ပြန့်ပွားရေး အကျိုးတော်ဆောင် အဖွဲ့တို့နှင့် ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ တစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည် ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

မိဘများအမှူးထား၍ ကော့သောင်းမှ ဦးကျော်ဟိုး–ဒေါ်သွယ်မြင့် မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကို မောင်မျိုးဇော်အောင် ကိုယ်စားလှူဒါန်းရာ ဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံယူစဉ်။ (၃၈၀)

လမ်းအန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲ ဖြူးမြို့၌ ကျင်းပ

ဖြူး မေ ၂

ပဲခူးတိုင်းအရှေ့ခြမ်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီ၏ စီစဉ်မှုဖြင့် ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီက ကြီးမှူးကျင်းပသော ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး လှုပ်ရှားမှုဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၆ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း အရှေ့ခြမ်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးစစ်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးသူရနှင့် အမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့်မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ပဲခူးတိုင်း အရှေ့ခြမ်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးစစ်နိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးသိမ်း **(အောက်ပုံ)**တို့က အမှာစကားပြောကြားကြပြီး တောင်ငူခရိုင် ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို လည်းကောင်း၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ဦးစောမင်းဆွေက ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ လိုက်နာရန် စည်းကမ်းများကို လည်းကောင်း ပညာပေး ဆွေးနွေးဟောပြောကြသည်။ **(၂၈၄)**

ပလိပ်မြို့ အမှတ်(၃)စက္ကူစက်ရုံ နှစ်ပတ်လည်နေ့ကျင်းပ ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်၊ လက်ဆောင်ပစ္စည်းပေးအပ်

မန္တလေး ဧပြီ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၃)စက္ကူစက် (ပလိပ်)၏ ခြောက်နှစ်မြောက် စက်ရုံနှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါစက်ရုံတွင် ကျင်းပသည်။

လှူဒါန်း

နံနက်ပိုင်းတွင်မန္တလေးမြို့မစိုးရိမ်တိုက်သစ် နာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား ပင့်ဖိတ်၍ လှူဖွယ်ပစ္စည်းများကပ်လှူပြီး အရဏ်ဆွမ်း ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး ရေစက်ချတရား နာယူကြသည်။

ဆုချီးမြှင့်

ထို့နောက် စက်ရုံနှစ်ပတ်လည်နေ့ အခမ်းအနားကို စက်ရုံမြရွှေဝါခန်းမတွင် ကျင်းပရာ စက်ရုံမှူး ဦးအောင်နိုင်ဦးက အမှာစကား ပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စက်ရုံဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ၂၀ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် နှစ်လုံးအပါအဝင် ငွေကျပ် ၁၁ သိန်းကျော် တန်ဖိုးရှိ အမှတ်တရပစ္စည်းများကို ကံစမ်းမဲဖောက်ကာ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **(က–ပ)**

ကျောက်ပန်းတောင်းမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးများ၌ ဥပုသ်ဆောက်တည်

ကျောက်ပန်းတောင်း မေ ၂၇

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက်က ကျင်းပသည်။

လောင်းလှူ

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ မြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းကြီးကျောင်းများမှ သံဃာတော်များ၊ ဒုလ္လဘရဟန်းများ အပါအဝင် သံဃာတော်ပေါင်း ၂၀၀၀ ကျော် အလှူခံကြွရောက်တော်မူကြ၍ မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိ ကုသိုလ်အလှူရှင်များက လမ်းဘေးဝဲယာတို့တွင် စီတန်းလျက် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ **(အောက်ပုံ)**

ကျောက်ပန်းတောင်းမြို့တွင် မဟာသင်္ကြန်ရက်အတွင်း၌ အနယ်နယ်အရပ်ရပ်မှ ရေပက်ခံများနှင့် မြို့ပေါ်ရေပက်မဏ္ဍပ်များတွင် လူငယ်များ၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ပျော်ရွှင်စည်ကားစွာ ရေပက်ကစားကြသည်။

ထို့ပြင် ဘုန်းကြီးကျောင်းများနှင့် စေတီပုထိုးအရိပ်အေးမြသော ဌာနများတွင် အသက်ကြီးသူများ ဥပုသ်သီလဆောက်တည်ခြင်း၊ စတုဒိသာမုန့်များ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားစွာကျင်းပကြောင်း သိရသည်။ **(ဝဗြ)**

ဖခင်ကြီး ဦးညွန့်ဖေသန်း တစ်နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၂၅)နေ ကျန်ရစ်သူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စဥ့်ကိုင် ဘယ်လင်းကျေးရွာ စာကြည့်တိုက် ပန္နက်တင်
စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ကျောက်ဆည် မေ ၂၀

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းသစ်စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၇နာရီက စာကြည့်တိုက်အဆောက်အအုံ မြေနေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းမင်းသက်နှင့် တာဝန်ရှိသူများက ပန္နက်တိုင် စိုက်ထူကြသည်။

အစီအစဉ်အရ စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် အလှူငွေပေးအပ်ရာ ဘယ်လင်းရွာနေ ဦးသန်းရွှေ–ဒေါ်လှမြင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးစောလှိုင်–ဒေါ်သန်းရွှေ၊ ဦးတင်ရွှေ–ဒေါ်ရင်မြ မိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ၊ ဦးအောင်ဝင်း–ဒေါ်စမ်းအေး မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးသန်းထိုက်ဦး–ဒေါ်တင်ငွေ မိသားစုက ငွေကျပ် ၂၅၀၀၀နှင့် ကျန်အလှူရှင်ရှစ်ဦး တို့က ငွေကျပ် ၆၃၀၀၀ ကိုလည်းကောင်း၊ ဦးကြည်လင်–ဒေါ်တင်နုကြည် မိသားစုက စာကြည့်တိုက်တွင်တပ်ဆင်ရန် လျှပ်စစ်မီတာနှင့် ကျန်အလှူရှင် ရှစ်ဦးတို့က သုတ၊ ရသမဂ္ဂဇင်းမျိုးစုံ ၃၅၉အုပ်ကိုလည်းကောင်း လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အမှိုက်သရိုက်များ ဆယ်ယူ

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ပွဲစားတန်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းများမှ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ရေဆိုးများ ဆယ်ယူသိမ်းဆည်းခြင်း လုပ်ငန်းကို မေ ၈ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းကျော် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။ (၄၁၉)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေး

မြောင် မေ ၂၀

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မတ် ၂၇ ရက် နံနက် ၁၁ နာရီက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကျင်းပရာ စစ်ကိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနေဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ရခြင်းအကြောင်းကို ဟောပြောပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာ ဝင်းမောင်မြင့်က ကြိုတင်ကာကွယ်ခြင်းအကြောင်းကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ပါဠိပထမပြန် စာမေးပွဲအောင်သံဃာတော်များ စုပေါင်းဘွဲ့နှင်း

မြင်းမူ မေ ၂၂

ပါဠိပထမပြန် စာမေးပွဲအောင်သံဃာတော်များ စုပေါင်းဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၁ရက် မွန်းလွဲ ၁နာရီက မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသောမပီယထံမှ ပရိတ်များ ငါးပါးသီလခံယူဆောက်တည်ပြီး သြဝါဒကထာ နာယူကြသည်။

ဆက်ကပ်

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ စာအောင်သံဃာတော်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌ အောင်မြေဘုံသာ ကျောင်းသစ်တိုက်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒာစာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျိုက်ထို မေ ၁၅

ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ သုတဘဏ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စောလင်းနှင့်ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လှူဒါန်း

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျေးရွာပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၇၅အုပ် လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ထီးချိုင့်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးကွင်းဆင်း

ထီးချိုင့် မေ ၂၅

ကသာခရိုင် ထီးချိုင့်မြို့နယ် ဆင်ဖြူဆိပ်ကျေးရွာအုပ်စုတွင် မေ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် မြို့နယ်အသင်းဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆင်ဖြူဆိပ်ကျေးရွာသို့ ကွင်းဆင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဒေါ်ခင်အေးသစ်က မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကြည်မြိုင်က ဥပဒေရေးရာ ကိစ္စရပ်များ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ ဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးတင်ဝင်းသိန်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အဆောက်အအုံများရရှိရေး၊ စာအုပ်စာတမ်းများ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းများ ဆောင်ရွက်ရေးတို့ကို ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်
၇–၅–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး(ရေငန်ကကတစ်ငါး သားဖောက်နည်း)
- ၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကစားခုန်စား အားကစား–သိပ္ပံမှူးတင်)
- ၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၂:၂၅ အားကစား သတင်းပဒေသာ
- ၁၂:၃၅ သီချင်းကြီးပဒေသာ
  - (၁) စက်နန်းရဝိန် (ပတ်ပျိုး) (မြတ်မြတ်မိုး)
  - (၂) မှုံမပြေ (ယိုးဒယား) (မြင်းမူမောင်နိုင်မိုး)

ညနေပိုင်း

- ၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
  - (၁) တောသူအချစ် (မဥ္ဇူသင်း)
  - (၂) တောသူလေးမို့ (အကော်ဒီယံအုန်းကျော်)
  - (၃) ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ (ဝေဝေသီ)
- ၁၆:၃၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်း)
- ၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ဘဝတွက်တာကျွမ်းကျင်စရာ–သင်းသင်းအောင်–ဘဝတွက်တာ)
- ၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံ–ဦးဘုန်းမြင့်)
- ၁၉:၁၅ ဆိုင်းအဖွဲ့ (မန္တလေးရွှေပြည်ရန်နိုင်ဆိုင်းအဖွဲ့)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အချစ်ဦးမောင့်ထံပြန်လာပါ (ဟသ်ာတအောင်တင်ဝင်း)
  - (၂) အချစ်ဆိုသောအရာ (တင်တင်မြ)
  - (၃) မွေးလွန်းသည့်ပန်း (ကိုမင်းနောင်)

မဏ္ဍိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး မြေညီထပ်နေ (သဗ္ဗာအောင်အထည်ဆိုင်) ဦးစိုးအောင်-ဒေါ်နှင်းအေး မိသားစုက အလှူငွေကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်၌ အမှုဆောင်ဒေါ်တိုး (ရွှေယမုံပါတိတ်)က လက်ခံယူစဉ်။ (က-ပ)

ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနား သန်လျင်မြို့၌ကျင်းပ

သန်လျင် မေ ၃

သန်လျင်မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော သာသနာနှစ် ၂၅၅၁ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားကို မေ ၂၀ ရက်၊ (ကဆုန်လပြည့်နေ့) ညနေ ၅နာရီက သန်လျင်မြို့သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကပ်လှူပူဇော်

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေးနှင့် တာဝန်ရှိသူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာမဒေါ်မြင့်မြင့်သန်းက ခုနစ်နေ့ဘုရားရှိခိုးပူဇော်ပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့ကျင်းပရခြင်းအကြောင်းကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တနာဒရနှင့် ဆရာကြီး မင်းယုဝေတို့က ရှင်းလင်းလျှောက်ထားကြသည်။ ယင်းနောက် ဗုဒ္ဓဂုဏ်တော်ကိုးပါးနှင့် မေတ္တာဘာဝနာများပွားများပြီး အရပ်ဆယ်မျက်နှာသို့ ဆုတောင်းမေတ္တာပို့သကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

အခြေခံအမျိုးသမီး အိမ်တွင်းမှု သင်တန်းဆင်းပွဲ ယင်းမာပင်၌ ကျင်းပ

မုံရွာ မေ ၂၀

အမျိုးသမီးများအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအမျိုးသမီး အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈နာရီခွဲက ယင်းမာပင်မြို့နယ် အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးကသင်တန်းဆင်း အမှာစကားပြောကြားပြီး တိုင်းမှူး၏ဇနီးဒေါ်ဝေဝေခိုင်က သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသူများအားလည်းကောင်း၊ စစ်ကိုင်းတိုင်း နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးမိုးမြင့်အေးက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား ချီးမြှင့်ပေးသည်။

ကျေးဇူးတင်စကား

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ယင်းမာပင် မြို့နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ယင်းမာပင်မြို့နယ်ဆရာဝန်က လက်ခံရယူပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ဖန်းမော် မေ ၂

ကချင်ပြည်နယ် ဗန်းမော်မြို့ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြသန်းသည် ဗန်းမော်မြို့ မီးသတ်စခန်းမှူး ဦးချစ်မောင်တို့ လိုက်ပါလျက် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးလျက်ရှိရာ မေ ၁၇ရက် နံနက်က သာစည်ရပ်ကွက်သို့ ကွင်းဆင်းစစ်ဆေးကြသည်။

ရှင်းလင်း

ရှေးဦးစွာ သာစည် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်တာနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်စုမှူးနှင့် တွေ့ဆုံ၍ မီးသတ်ဦးစီးအရာရှိ ဦးမြသန်းက မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များ ပညာပေးဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် တပ်စုမှူးတို့ကမီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများ ရှင်းလင်းတင်ပြရာ ဦးစီးအရာရှိက လိုအပ်သည်များ မှာကြားသည်။

စစ်ဆေး

ထို့နောက် ရပ်ကွက်အတွင်းရှိ မီးဘေးစိုးရိမ်ရသောရပ်ကွက်များ၊ လျှပ်စစ်မီးသုံးစွဲမှု၊ ထင်းမီး၊ မီးသွေးမီး သုံးစွဲသောနေအိမ်များ၊ မော်တော်ကားဝပ်ရှော့များ၊ ဆိုင်ကယ်ဝပ်ရှော့များကို ကွင်းဆင်းစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များ ပညာပေးဟောပြောကာ မီးသတ်ဆေးဘူးများထားရှိရေးတို့ကို ပြောကြားကြောင်း သိရသည်။ (မီးသတ်ဦးစီး)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့တွင် မေ ၂၃ရက်က ဖွင့်လှစ်သည့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် လေ့ကျင့်ရေးဦးစီးဌာနမူလတန်းဆရာများ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အင်ဂျီးတောင်က အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ဒီပဲယင်းမြို့၌ ပညာပေး

ဒီပဲယင်း မေ ၂၀

ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောပွဲကို မေ ၂ရက်နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာကျော်ထွန်းက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ဖြစ်ပွားလာပါကထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်ဌာနဆိုင်ရာများအား ပိုစတာ၊လက်ကမ်းစာစောင်နှင့် ဆပ်ပြာခဲများဖြန့်ဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်မျိုးစုံ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသ

မိုင်းဖြတ် မေ ၂၀

မိုင်းဖြတ်မြို့နယ် ဆွပ်လောင်းကျေးရွာ စာပေပန်းခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၄ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဖြတ်ခရိုင်ဥက္ကဋ္ဌဦးသိန်းမြင့်၊ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အမှာစကား

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်တို့က အမှာစကားပြောကြားကြသည်။

အမှတ်တရ

ယင်းနောက် ခရိုင်ဦးစီးအရာရှိက ကျေးရွာမှ ဦးအားဖျောနှင့် ဦးယာတောင့်တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး တက်ရောက်သူများက ခင်းကျင်း ပြသထားသော စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြသမှုကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့(၁/၂၀၀၇) ကွန်ပျူတာသင်တန်းဆင်းပွဲကို မေ ၁၀ရက် နံနက်က ဈေးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်း ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက ကွန်ပျူတာသင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖျာပုံ မဟာပုညာရာမတိုက် မဏိရတနာအမှတ်(၂) နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဖျာပုံမြို့နယ် မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိ မဏိရတနာ အမှတ်(၂)နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲနှင့် ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ မဏိရတနာ အမှတ်(၂) နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဿဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနားကို ကျောင်းဆောင်သစ်ဥပစာရှိ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက **စာမျက်နှာ ၉ ကော်လံ ၁** ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲနှင့်သစ်သီးဝလံပြိုင်ပွဲတွင် ဆုရရှိသည့် သီးနှံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်

ရန်ကုန် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ်ရှိ မြေပဒေသာကျွန်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ **စာမျက်နှာ ၈ ကော်လံ ၁** ❒

မေလ၏ မိုးရေချိန်စံချိန်သစ်များ တိုင်းထွာရရှိ

ရန်ကုန် မေ ၅

ယမန်နေ့ညနေ ၆နာရီခွဲအချိန် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းကို ပုသိမ်မြို့နှင့်ရန်ကုန်မြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် မုန်တိုင်းငယ်ကြောင့် ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲအချိန်တွင် အောက်ဖော်ပြပါစခန်းများ၌ မေလ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	ကမ္ဘာအေး	၃၄၄	၁၃.၅၄	၂၆၂	၁၀.၃၂	၂၄-၅-၁၉၈၀	၃၉
၂	မင်္ဂလာဒုံ	၂၈၃	၁၁.၁၄	၂၆၄	၁၀.၃၉	၂၄-၅-၁၉၈၀	၆၀
၃	မှော်ဘီ	၂၂၁	၈.၇၀	၁၂၇	၅.၀၀	၂၅-၅-၁၉၈၀	၅၄

မိုးလေဝသအခြေအနေ

၆-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်မည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။